# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၉)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ၁၁-၇-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

### ဘဏ်များသည် ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ခိုင်မာမှု ထိန်းသိမ်းရေးကို တစ်ပါတည်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ ဥက္ကဋ္ဌ

စာမျက်နှာ ၃ သို့ ✻

## သီးနှံမျိုးစုံ (၁၃၀၀)ဧက စိုက်ပျိုးရေ ပြည့်ဝစွာပေးနိုင်ရေး လင်းဇင်းရေပေးမြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်ပေး



**ကျောက်ဆည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် သီးနှံမျိုးစုံ (၁၃၀၀)ဧက စိုက်ပျိုးရေ ပြည့်ဝစွာပေးနိုင်ရေး အောက်လင်းဇင်းမြောင်းမှ ရေကျအဆောက်အအုံတစ်ခုအား ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် ကျောက်ဆည်မြို့နယ် ပုန်းညက်ကျေးရွာအနီးတွင် တည်ရှိပြီး နှစ်ကာလကြာမြင့်သောကြောင့် ရေအဝင်ပိုင်းနှင့် ရေအထွက် မြေကာနံရံများ ပျက်စီးကာ မြောင်းပေါင်ရေတိုက်စားပျက်မည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်(၂၉)သန်းဖြင့် ရေကျအဆောက်အအုံ၏ အထက်၊ အောက် မြောင်းကြမ်းပြင်များနှင့် မြောင်းပေါင်နှုတ်ခမ်းများ ပြန်လည်ပြုပြင်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ပေးခြင်းများနှင့် ပတ်သက်၍ ယခင်က အောက်လင်းဇင်း ဆည်မြောင်းရေသောက် တောင်သူတွေအနေနဲ့ သီးနှံများစိုက်ပျိုးသည့်အခါ ရေပြည့်ဝစွာ ရပ့်မလား စိုးရိမ်စိတ်များနှင့် သီးနှံများစိုက်ပျိုးခဲ့ရကြောင်း၊ ယခုအခါ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကျအဆောက်အအုံပြန်လည်ပြုပြင်ပေးသောကြောင့် ဆည်မြောင်းရေများ ရာသီမရွေးအသုံးပြုနိုင်ပြီဖြစ်ပြီး စိုက်ပျိုးသီးနှံများစိုက်ပျိုးရာ၌ လိုသလိုအသုံးပြုနိုင်သောကြောင့် လူမှုစီးပွားများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း တောင်သူ ဦးမြင့်အောင်က ပြောပြသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၁၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# ကမ္ဘာ့လူဦးရေနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်(၁၁)ရက်သည် ကမ္ဘာ့လူဦးရေနေ့ ဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို သတ်မှတ်ရာတွင် အချိန်ကာလအလိုက် ဖြစ်ပေါ်နေသည့် လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအပေါ် အခြေခံသတ်မှတ်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က သတ်မှတ်ထားသည့် ဆောင်ပုဒ်ပါအချက်အလက်များကို အခြေခံ၍ ယခုနှစ်တွင် "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" ဟု သတ်မှတ်ခဲ့သည်။

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ရှစ်ထောင်ကျော်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ ယခင်က ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာနှင့်ချီကာ ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဆင့်မြင့်ဆေးဝါးများ၊ အဆင့်မြင့်နည်းပညာများကြောင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လူဦးရေ လျင်မြန်စွာ တိုးပွားနေခြင်းကြောင့် နောက်ဆက်တွဲ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေရသည်။

ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ၊ အရေးကြီးနှင့် ဦးစားပေးဖြေရှင်းရမည့် လူဦးရေနှင့် ဆက်နွယ်ပတ်သက်နေသည့် အကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထားဆောင်ရွက်လာစေရန် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပနေခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏ အင်အားကို ထိထိရောက်ရောက်ထည့်သွင်းအသုံးချရန် လိုအပ်သကဲ့သို့ အနာဂတ်တွင် များပြားလာမည့် သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အားကောင်းလာစေရန်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

လက်ရှိလူသားများ၏ ရှင်သန်ကြီးပွားရေး၊ မွေးဖွားလာမည့် လူသားများအတွက် သက်ရှည်ကျန်းမာရေးအတွက် ဆောင်ရွက်နိုင်ရေးမှာ လူဦးရေစာရင်းများ တိကျစွာသိရှိမှသာဖြစ်မည်။ ထို့ကြောင့် လူဦးရေဆိုင်ရာ အိမ်ထောင်စုစာရင်းများ ကောက်ယူခြင်း၊ အသက်အရွယ်အပိုင်းအခြားအရ အလုပ်လုပ်ကိုင်နိုင်သူ လုပ်သားစွမ်းရည်နှင့် အသက်အရွယ်အိုမင်းသူ မှီခိုသူများကို စောင့်ရှောက်နိုင်ရေးအတွက် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များသည် အရေးကြီးလှသည်။

ယခုနှစ် ဆောင်ပုဒ်နှင့်အညီ အားနည်းသူကို ဖေးမကူညီရမည်။ အခက်အခဲများနှင့် ကြုံတွေ့လာပါက ကယ်တင်စောင့်ရှောက်ကြရမည်။ ထိုသို့ဆောင်ရွက်ပေးခြင်းသည် မိသားစုဘဝများ စိတ်ချမ်းမြေ့ပျော်ရွှင်ရေး၊ လူမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးကာ အေးချမ်းသာယာသည့် လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေးပင်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေ ကိန်းဂဏန်းအချက်အလက်များ ရရှိမှဖြစ်မည်။ ထို့ကြောင့် ယင်းအချက်အလက်ရရှိစေရေးဆောင်ရွက်မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ပြည်သူများဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာဖြစ်သည်။

သို့ဖြစ်ရာ လူဦးရေတိုးလာသည်နှင့်အမျှ လူတိုင်း၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးတို့ကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၈)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဇွန် ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခု ဘဏ္ဍာရေးနှစ်အတွင်း (၈)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ ညနေ ၃ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမဘေးတွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၈)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ချဉ်ပေါင်ရွက် ၃၀၀ စည်း၊ ခရမ်းသီး ၉၅ ထုပ်၊ ရုံးပတီသီး ၁၀၀ ထုပ်၊ ဘူးနှင့် ဖရုံညွန့် ၂၅ စည်း၊ ကြက်ဟင်းခါးသီး ၆၀ ထုပ်တို့ကို စီမံရေးရာဌာန၊ ကွန်ပျူတာဌာနခွဲ ဝန်ထမ်းများ၊ ဘဏ္ဍာရေးဌာန ဝန်ထမ်းများ၊ စစ်ဆေးရေးဌာနဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာ ဌာနတာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## ယခုဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိ

**မန္တလေး ဇွန် ၁၀**

ပြည်တွင်းမှ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပြုလျက်ရှိရာ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဇွန်လအထိ ၃ လတာကာလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၈ ရက်အထိ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိ၍ သွင်းကုန်တင်သွင်းမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၅ သန်းကျော်ရှိသည်ဟု ဆိုသည်။

ကာလတူနှိုင်းယှဉ်ပါက ပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၇၀ လျော့နည်းခဲ့ပြီး သွင်းကုန်တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၉ သန်းကျော် လျော့ကျကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

နယ်စပ်ကုန်သွယ်မှုတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကုန်သွယ်မှုအများဆုံးဆောင်ရွက်နေပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများနှင့်လည်း ကုန်သွယ်မှုဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀

## အမှတ်(၃၇)အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ





**မန္တလေး ဇွန် ၁၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၃၇)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ တာဝန်ခံကျောင်းအုပ်ဆရာမကြီး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်အသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနား၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီးနောက် တာဝန်ရှိသူများက မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းများကို ကဏ္ဍအလိုက်ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ပြုလုပ်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ **မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့်ဘဏ်များသည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော်ယခုအခါတွင် သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ဆောင်ရွက်ပေးနေ**

○ **ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြား ထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြရန်လည်း လိုအပ်**

* ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖိတ်ခေါ်တွေ့ဆုံခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက နိုင်ငံတော်၏အရေးပါသော ငွေရေးကြေးရေးကဏ္ဍအတွင်း ကြီးမားသောတာဝန်များ ထမ်းဆောင်နေကြသည့် ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရနှင့်ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတော်၏ငွေကြေးစနစ် တည်ငြိမ်မှုရှိပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြန်အလှန်နားလည်မှုများ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ ဖိတ်ခေါ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များသည် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုထိန်းသိမ်းရေးကို တစ်ပါတည်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ယင်းအခြေအနေကို ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ဗဟိုဘဏ်နှင့် ဘဏ်များပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဘဏ်များ၏လိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့က ပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစနစ်ဖြင့် ယှဉ်ပြိုင်ခြင်း ထက်ကိုယ်ကျိုးစီးပွားကြောင့် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုပြုခြင်းများကြောင့် အများပြည်သူ၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကြီးကြပ်ဆောင်ရွက်ပေးနေ**

မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့် ဘဏ်များသည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော်ယခုအခါတွင်သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြားထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြရန်လည်း လိုအပ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအင်အားနည်းပါးလာခြင်းအပေါ် ဘဏ်များ၏ဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟာမှုမရှိစေရန် အကြိမ်ကြိမ်ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဘဏ်များတွင် နိုင်ငံသားလူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်ပါကြောင်း၊ Card စနစ်များ၊ e – Banking ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ဆောင်မှုအရည်အသွေး အပြည့်အဝရှိသည့်ဘဏ်ခွဲများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားစေလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားလို**

နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဘဏ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများကို ပြည်သူများ၏ အကျိုးစီးပွားအား အပြည့်အဝ ကာကွယ်စောင့်ရှောက်မည့် ပုဂ္ဂိုလ်များအဖြစ် အားကိုးအားထားပြုပြီး ပူးပေါင်း ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဘဏ်တာဝန်ရှိသူများအဆင့်ဆင့်က အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦးသုံးဖလှယ် အကျိုးရှိသည့် Win – Win – Win Situation ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဘဏ်များလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ခိုင်မာအားကောင်းသည့် ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘဏ်လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းထားသည့် ဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဘဏ်လုပ်ငန်းရှင်အများစုသည် စီးပွားရေးလုပ်ငန်းရှင်ကြီးများလည်း ဖြစ်သဖြင့် ကန်ထရိုက်လယ်ယာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် လုပ်ငန်းစုများ အသင်းစုများအဖြစ် တိုးချဲ့၍ ပူးပေါင်းရင်းနှီးမြှုပ်နှံ ဆောင်ရွက်သင့်ကြောင်း၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်း၌ စက်ရုံအလုပ်ရုံများ တည်ဆောက်၍ Value Add ထုတ်ကုန်များ ထုတ်လုပ်သင့်ကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မိတ္ထီလာ ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက ဦးစွာ အဖွင့်အမှာစကားပြောကြားရာတွင် ယမန်နှစ်က (၂၄)ကြိမ်မြောက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ၎င်းအပြင် တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်ပြိုင်ပွဲများအထိ ခရိုင်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့နိုင်သူများလည်း ပေါ်ထွက်ခဲ့ပြီး ထိုက်သင့်သည့် အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း အလားတူ စည်ကားသိုက်မြိုက်စွာကျင်းပပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါခရိုင်အဆင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၇ ရက်နေ့တွင် မိတ္ထီလာမြို့၊ အောင်မင်္ဂလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

## ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယနေ့နံနက် ၁၀ နာရီက လိုက်လံနှိုးဆော် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများအား သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်တို့ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့် အပြုအမူများကို သိရှိစေရန် အသိပညာပေးချက်များအား လှည့်လည်အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၀**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီး အတွင်း ၂၀၂၄ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင် ရာများ၊ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ များ၊ ဆုရကျောင်းသား၊ ကျောင်း သူများနှင့် ၎င်းတို့၏မိဘများ၊ ဖိတ်ကြားထားသူများ တက် ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဘက်စုံ ပညာ ကိုရည် ဒို့လှမ်းချီ ဂုဏ်ပြုသီချင်း သီဆို၍ အခမ်းအနားကို ဖွင့် လှစ်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဂုဏ်ပြုထိုက်သူ များကို ချီးမြှင့်မြှောက်စားအား ပေးခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပါကြောင်း၊ ပညာသင်နှစ် တစ်နှစ်တည်း ကြိုးစားခဲ့ခြင်း မဟုတ်ဘဲ မူလတန်းမှစ၍ အဆင့် ဆင့် စဉ်ဆက်မပျက် ဖွဲ၊ လုံ့လ၊ ဝီရိယထားကာ ပင်ကိုဉာဏ် တို့နှင့် ပေါင်းစပ်၍ ကြိုးစား သင်ယူလေ့လာမှု၊ သင်ယူမှု ပတ်ဝန်းကျင်ကောင်းများရရှိမှု၊ ဟန်ချက်ညီညီဖြည့်ဆည်းပံ့ပိုးမှု၊ ခိုင်မာသည့်ရည်မှန်းချက်များဖြင့် စာသင်နှစ် ကာလအချိန်များကို အကျိုးရှိရှိတန်ဖိုးထားအသုံးချ တတ်မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်မှုအသီးအပွင့်များ ကိုခံစားကြရပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့် ရရှိစေရေး၊ ကျောင်းထွက်နှုန်း နည်းပါးစေရေး၊ မည်သည့်ခွဲခြား မှုမရှိဘဲ တန်းတူပညာသင်ယူခွင့် ရရှိရေးနှင့် ပညာရေးအဆင့် အတန်း ပိုမိုမြင့်မားလာစေရန် မူဝါဒများချမှတ်ကာ အကောင် အထည်ဖော် ဆောင်ရွက်နေပါ ကြောင်း၊ အခြေခံပညာအလယ် တန်းအဆင့် Grade 9 ပြီး မြောက်ပြီး အသက်မွေးဝမ်း ကျောင်းပညာများကို ဆက်လက် သင်ကြားခွင့်ရမည့် အခွင့်အလမ်း များရရှိနိုင်ရန်အတွက် အခြေခံ ပညာကျောင်းများနှင့် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းများကို ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါကြောင်း၊ ယခု အောင်မြင်မှုမှာ ဘဝမှတ်တိုင် တစ်ခုဖြစ်သော်လည်း ရည်မှန်း ချက်ပန်းတိုင်ရောက်သည်အထိ မိမိတို့ဝါသနာပါရာ အသက်မွေး ဝမ်းကျောင်းပညာနှင့် အဆင့် မြင့်ပညာများကို ဆက်လက် သင်ယူကြရမည်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်တည်ဆောက် ရေးတွင် အသိပညာ၊ အတတ် ပညာနှင့် ပြည့်စုံသောပညာတတ် ပေါ်များရေးအတွက် နိုင်ငံတော်မှ ပညာရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင် ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင်အားဖြည့်ပေးနေ ပါကြောင်း၊ ဗလ(ငါးတန်)ဖွံ့ဖြိုး မှုများနှင့် ပြည့်စုံသူများဖြစ်လာ အောင် အစဉ်အမြဲ လေ့ကျင့်ပျိုး ထောင်နေပြီး နိုင်ငံ့အနာဂတ် အတွက် အကောင်းဆုံးစွမ်းဆောင် နိုင်သူ ပညာတတ်များဖြစ်အောင် ကြိုးစားအားထုတ်နေကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က သိပ္ပံ+ဝိဇ္ဇာ ဘာသာတွဲမှ မြန်မာတစ်နိုင်ငံလုံး Top Ten ဝင် ဆုရ သိပ္ပံတွဲ ၂ ဦးနှင့် ဝိဇ္ဇာတွဲ ၁ ဦးတို့အား ဂုဏ်ပြု ရွှေဆွဲပြားများ၊ ဂုဏ်ပြုဆုငွေများ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီးနောက် ဝန်ကြီးချုပ် ၏ဇနီး၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပါမောက္ခချုပ်များနှင့် တာဝန် ရှိသူများက ၆ ဘာသာနှင့် ၅ ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်း သား၊ ကျောင်းသူများအား ဂုဏ်ပြု ဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများကို ချီးမြှင့်ခဲ့သည်။

၎င်းနောက် Top Tenဝင် တတိယအဆင့် အမှတ်အများ ဆုံးဆုရ မသက်မြတ်စံက ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြား၍ ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန် သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော် ဖြေပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကူးပြီး ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တက်ရောက်လာသူများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့သည်။

ယနေ့ အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ၂၀၂၄ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင် မြင်ခဲ့ကြသည့် သိပ္ပံ+ဝိဇ္ဇာဘာသာ တွဲမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံး Top Ten ဝင် သိပ္ပံတွဲ ၂ ဦး နှင့် ဝိဇ္ဇာတွဲ ၁ ဦး၊ တိုင်းဒေသ ကြီးအတွင်း အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရ ခရိုင်များမှ ၆ ဘာသာဂုဏ်ထူး ရှင် ၂၉ ဦး၊ ၅ ဘာသာဂုဏ် ထူးရှင် ၆၄ ဦး၊ စုစုပေါင်း ဂုဏ် ထူးရှင် ၉၃ ဦးတို့အား ဂုဏ်ပြု ချီးမြှင့်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် ၂၀၂၄ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ၆ ဘာသာ ဂုဏ်ထူးရှင် ၁၂၁ ဦး၊ ၅ ဘာသာ ဂုဏ်ထူးရှင် ၂၁၃ ဦး၊ ၄ ဘာသာ ဂုဏ်ထူးရှင် ၂၄၇ ဦး၊ ၃ ဘာသာ ဂုဏ်ထူးရှင် ၂၇၁ ဦး၊ ၂ ဘာသာ ဂုဏ်ထူးရှင် ၄၄၉ ဦး၊ ၁ ဘာသာ ဂုဏ်ထူးရှင် ၁၁၆၁ ဦး၊ စုစုပေါင်း ဂုဏ်ထူးရှင် ၂၄၆၂ ဦးနှင့် ရိုးရိုး အောင် ၈၅၆၃ဦး ထွက်ပေါ်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ရာ တတိယ အဆင့်ရရှိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















သတင်း-စာမျက်နှာ ၄

















## အခမ်းအနားမှူးသင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

**အမရပူရ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre ခန်းမတွင် အမရပူရခရိုင် ပညာရေးမှူးရုံးနှင့် ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ)ဦးအောင်ဆွေဦးနှင့် ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဝင်းတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားပေးခဲ့သည်။



တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက သင်တန်းတွင် ဆုရရှိ သင်တန်းသူများကို ဆုများပေးအပ်ခဲ့သည်။ ယင်းနောက် ခရိုင်ပညာရေးမှူးမှ နည်းပြဆရာများကို အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ရာ နည်းပြဦးစီးအရာရှိ ဒေါ်တင်တင်လှက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ)၊ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ သင်တန်းသူ၊ ဆရာမများနှင့် အမရပူရမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## FIFA-MFF U-17 League 2023-2024 အမှတ်ပေးပြိုင်ပွဲ ရှမ်းအသင်း ဗိုလ်စွဲ

FIFA-MFF U-17 League 2023-2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် game week 22 အဖြစ် ရှမ်းအသင်းနှင့် ရခိုင်အသင်းတို့ သုဝဏ္ဏကွင်းအတွင်း ယနေ့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းအသင်းက ၂-၀ ဂိုးဖြင့် အနိုင်ရသဖြင့် အမှတ်ပေး ချန်ပီယံဆုကို ရရှိခဲ့သည်။




Game week 21 အထိ ရခိုင်အသင်းက ၅၄ မှတ်၊ ရှမ်းအသင်းက ၅၃ မှတ်ဖြင့် အကြိတ်အနယ်ဖြစ်နေရာမှ ယနေ့ပွဲတွင် ရှမ်းအသင်းက အနိုင်ရခဲ့သဖြင့် အမှတ်ပေးချန်ပီယံဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူ သွင်းဂိုး ၂၁ ဂိုးဖြင့်ရှမ်းအသင်းမှ ကြယ်ရောင်မင်းလေး၊ ရခိုင်ယူနိုက်တက်အသင်းမှ ထူးဝဏ္ဏတို့က ပူးတွဲရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရှမ်းအသင်းမှ ခွန်ဆောင်ဉာဏ်က ရရှိခဲ့သည်။

**(NGB)**

# ပုလဲရတုရောက်ခဲ့ပြီဖြစ်သော သမဝါယမကောလိပ်

## နိုင်ဗလ

တက္ကသိုလ်ကျောင်းတို့သည် ပိတ်ပြန်၏။ ဖွင့်ပြန်၏ အခြေအနေအရ ပြန်ဖွင့်၏။ အခြေအနေအရ ပြန်ပိတ်ရပြန်၏။ ဤသို့ဖြင့် လုံးလည်လိုက်နေသည့် ကာလသည် ၁၉၈၈ မတိုင်ခင် တက္ကသိုလ်ကျောင်းသားများ ကြုံတွေ့ခဲ့ရသော အခြေအနေပင် ဖြစ်သည်။

အလုပ်လုပ်ရင်း ကျောင်းတက်ချင်မိသည်။ အလုပ်အကိုင်က ရှားပါးလှသည်။ ညစောင့်လုပ်ရင်း ကျောင်းတက်မည်ဟု အလုပ်ရှာသည်။ ထိုအလုပ်မျိုးသည်ပင် ရှားပါးလှသော မန္တလေး(ထိုခေတ်က)၊ ညီအစ်ကိုအရင်းပမာ ငယ်စဉ်ကတည်းက အတူနေထိုင်ခဲ့ကြသော ကိုစိုးတင့် အမှတ်(၂) လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်၊ အမရပူရ တပ်ရင်းမှူး(ငြိမ်း)ကလည်း R.I.T မှ ကျောင်းပြီးစတွင် အလုပ်ဝင်နေပြီဖြစ်သည်။ သူအလုပ်လုပ်သော Mandalay Dairy Development Project တွင် အလုပ်လုပ်ရန် ပြောသဖြင့် အလုပ်ဝင်ခဲ့သည်။ စက်မှုအင်ဂျင်နီယာဌာနတွင် စာရေးဘဝဖြင့် စခဲ့သည်။ မိမိငယ်စဉ်ကတည်းက လေ့လာခဲ့မှု၊ ကိုစိုးတင့် (A.E) ၏ သင်ပြမှုတို့ဖြင့် ဌာန၏ အလုပ်များကို အောင်မြင်ပြည့်ဝစွာ လုပ်ကိုင်နိုင်ခဲ့သည်။ နောင်တွင် ကိုစိုးတင့်က O.T.S တက်သဖြင့် ကိုယ်သာ စီမံကိန်းတွင် ကျန်ရစ်ခဲ့သည်။ ထိုစဉ်က စက်ရုံတည်ဆောက်ရေးအတွက် မိုးကြိုးသမဝါယမအသင်း(လျှပ်စစ်)၊ ရွှေဆောင်သမဝါယမအသင်း(စက်မှု)တို့ကို ငှားရမ်းသုံးစွဲရသည်။ ကျွန်တော်တို့ စက်မှုအင်ဂျင်နီယာဌာနက ရွှေဆောင်သမဝါယမအသင်းကို ကြီးကြပ်ဆောင်ရွက်ရသည်။ မိုးကြိုးသမဝါယမအသင်းတွင် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းအတွက် စာရေးမတစ်ဦး ပါဝင်သည်။ ထိုစာရေးမကို ကျွန်တော်တို့က မမငွေးဟု ခေါ်သည်။ ရေစက်ဟု ပြောရမည်ထင်သည်။ ထိုမသန်းသန်းငွေးကို မန္တလေးနေ့စဉ် သတင်းစာတိုက်တွင် ပြန်ဆုံ၍ တာဝန်အတူ ထမ်းဆောင်ခဲ့ရသည်။ မမငွေး၏ မောင်ဝမ်းကွဲများမှာလည်း ငယ်စဉ်ကတည်းက ကစားဖက်ဖြစ်ခဲ့သည်။ ယခုတော့ မမငွေး ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ M.D.D.P တွင် တာဝန်ထမ်းဆောင်ရင်း မန္တလေးတိုင်း သမဝါယမအသင်းစုမှသူများနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ဦးအောင်ဖြူ၊ ဦးသန်းအောင်(ပညာရေးဝန်ကြီးဟောင်း)တို့ ပါဝင်သည်။ ကျွန်တော်သည် တိုင်းသမဝါယမမှ စက်မှုအင်ဂျင်နီယာဌာနဝန်ထမ်းတစ်ဦးအဖြစ် ပါဝင်ထမ်းဆောင်ခွင့်ရခဲ့သည်။ အခြေအနေအရ ဖခင်အငြိမ်းစားယူသဖြင့် ရာထူးတိုး၊ လစာတိုးသော်လည်း အလုပ်မှအနားယူ၍ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျောင်းဆက်တက်လျှင် မန္တလေးတွင်သာဆက်တက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ဖြင့် အလုပ်လုပ်ရင်း၊ ကျောင်းတက်ရင်း၊ ခရီးထွက်ရင်း၊ လုပ်ငန်းရှာရင်းဖြင့် နှစ်ရှည်တက်ခဲ့ရသော ဘွဲ့တစ်ခုရခဲ့သည်။

ကြားကာလတွင် မန္တလေးမြို့နှင့် အခြားမြို့ကြီးများ ရှာငယ်များထိသွား၍ ကျင်လည်ခဲ့သည်။ ငယ်သူငယ်ချင်းတစ်ဦးကို အကြောင်းပြု၍ စစ်ကိုင်းသမဝါယမသင်တန်းကျောင်းသို့ ရောက်ခဲ့သည်။ သူငယ်ချင်းက ထိုသင်တန်းကျောင်းတွင် သင်တန်းတက်ဖြစ်သည်။ ကျွန်တော်ကလည်း မကြာခဏ သွားဖြစ်သည်။







ကျောင်းအုပ်ကြီးကလည်း မိတ်ဆွေဖြစ်၍ ကျောင်းသို့သွားတိုင်း ဆရာကြီး၏အိမ်တွင် ထမင်းစားဖြစ်သည်။ ဆရာကြီးက ကျွန်တော့်ကို သင်တန်းတက်စေချင်သည်။ ကျွန်တော်ကလည်း မအားလပ်သည်ကများ၍ မတက်ဖြစ်ခဲ့။ စစ်ကိုင်းသမဝါယမသင်တန်းကျောင်း ရန်ကင်းတောင်ခြေသို့ ပြောင်းရွှေ့သည့်အခါလည်း ကျွန်တော်သွားရောက်ကူညီခဲ့သည်။ ကျောင်းမှကျင်းပသော အခမ်းအနားတိုင်း တက်ခဲ့သည်။ ကျွန်တော်ကျောင်းမတက်ဖြစ်သော်လည်း ကျွန်တော်၏ကျောင်းကဲ့သို့ သဘောထား၍ ကူညီခဲ့သည်။ မန္တလေးသမဝါယမကောလိပ်ဖြစ်လာ၍ ယခင်သင်တန်းကျောင်းတွင် တက်ခဲ့သောသူငယ်ချင်းလည်းတက်သဖြင့် ကျောင်းသို့ မကြာ မကြာရောက်ဖြစ်သည်။ လွန်ခဲ့သောအနှစ်(၃၀)က မောင်မယ်သစ်လွင်ကြိုဆိုပွဲသွားရန် စက်ဘီးအဆင်သင့်မရှိ၍ နံနက်မလင်းခင် နန်းတော်ရှေ့မှ သမကောလိပ်ထိ ခြေကျင်လျှောက်သွား၍ အားပေးခဲ့ရဖူးသည်။ သူငယ်ချင်းရှိ၍ မကြာ မကြာလည်း ရောက်ဖြစ်သည်။ ကျောင်းသားတွင်း ပြဿနာအသေးအဖွဲ့ကိုလည်း ကူညီဖြေရှင်းပေးခဲ့ရသည်။ သူငယ်ချင်း ကျောင်းပြီး၍ ရှမ်းပြည်ပြန်သည့် နောက်ပိုင်းတွင် သမဝါယမကောလိပ်သို့ အရောက်အပေါက်နည်းခဲ့သည်။ မိမိတာဝန်ဖြင့်ပင် မအားလပ်တော့။

မန္တလေးနေ့စဉ်သတင်းစာ ၂၇လမ်းနှင့် ၇၃လမ်းထောင့်တွင် ဖွင့်စဉ်က သမဝါယမကောလိပ်မှ မြန်မာစာဆရာ ဆရာအုန်းနှင့် ပြန်ဆုံသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားပြောဖြစ်သည်။ ဆရာအုန်းသည် မြန်မာစာသမား ပီသလှသည်။ စာပေဗဟုသုတကြွယ်ဝသောသူတစ်ဦးဖြစ်၍ ကျွန်တော်နှင့် လေပေးဖြောင့်လှသည်။ နဂိုကတည်းက ခင်ခဲ့သူများဖြစ်၍ ကျောင်းနှင့်ပတ်သက်သည့် သတင်းအချို့ ကူညီဆောင်ရွက်ပေးခဲ့သည်။ ဆရာအုန်းမှာ အသက်အရွယ်နှင့် ရောဂါအခံကြောင့် သွားရေးလာရေး အဆင်မပြေ။ ဆိုင်ကယ် မမောင်းနိုင်။ ကျောင်းမှ ဆရာဦးတင်မြင့်က လိုက်ပို့၍သာ အဆင်ပြေစွာ သွားလာနေနိုင်ခဲ့သည်။ ဆရာဦးတင်မြင့်မှာ မန္တလေးတက္ကသိုလ်တွင် ကျောင်းနေဖက်ဖြစ်၍ ယခုပြန်ဆုံကြပြန်သည်။ ကျွန်တော်တို့ မကြာခဏဆုံဖြစ်၊ စကားပြောဖြစ်ကြသည်။ သမဝါယမကောလိပ်တွင် မိတ်ဆွေဟောင်းများရှိ၍ ကျောင်းနှင့် တစ်ဖန် ပြန်လည်နီးစပ်လာခဲ့သည်။ နောက်ပိုင်း ကိုဗစ်-၁၉ ကြောင့် အဆက်အသွယ်ပြတ်သွားခဲ့ပြန်သည်။ လွန်ခဲ့သောလက ကျွန်တော့်ထံ ကိုတင်မြင့် ဖုန်းဆက်သည်။ ကိုစိုးနိုင်ဆွေ(နိုင်စေရ)ထံမှ ဖုန်းနံပါတ်ရ၍ ဆက်ခြင်းဖြစ်သည်။ သမဝါယမကောလိပ်(မန္တလေး) နှစ်သုံးဆယ်ပြည့် အမှတ်တရ မဂ္ဂဇင်းထုတ်ဝေမည့်အကြောင်း သတင်းပေးပြောကြားခြင်း ဖြစ်သည်။ လိုအပ်သည်များ ကူညီပေးမည်ဖြစ်ကြောင်း၊ ဝမ်းသာကြောင်းများ ပြောကြားပြီး ပုသိမ်ကြီးလက်ဖက်ရည်ဆိုင်တွင် တစ်ရက် လူဆုံ၍ စကားပြောကြ၊ နောက်ကြောင်းပြန်ရင်း ရယ်မောကြသည်။ ဆရာဦးတင်မြင့်မှာ ငယ်စဉ်ကတည်းက တည်တည်တံ့တံ့ အေးအေးဆေးဆေး နေတတ်သူဖြစ်သဖြင့် ယခုသမဝါယမကောလိပ် ဒုကျောင်းအုပ်ဖြစ်သည့်အခါ တည်ငြိမ်အေးချမ်းသောစရိုက်နှင့် အလုပ် လိုက်ဖက်လှသည်ဟု ဆိုချင်သည်။

ဤသို့ဖြင့် လိုအပ်သောစာမူများ ကူညီစုဆောင်းပေးခြင်း၊ သမဝါယမကောလိပ်မှ မြန်မာစာဆရာများနှင့် မဂ္ဂဇင်းကော်မတီနှင့် အတူ ပရုဖ်ဖတ်ခြင်းများလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးခဲ့သည်။ ကျောင်းသန္ဓေတည်စကတည်းက ရေစက်ဆုံခဲ့သော ကျွန်တော် ဝမ်းသာအားရပင် ကူညီဆောင်ရွက်ပေးခဲ့သည်။ သမဝါယမကောလိပ်(မန္တလေး) ပုလဲရတုအထိမ်းအမှတ် ဆွမ်းဆက်ကပ်လောင်းလှူပွဲနေ့က ဖိတ်ကြားခဲ့သော်လည်း ခရီးသွားနေ၍ မတက်ရောက်ဖြစ်ခဲ့။ ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သော သမဝါယမကောလိပ်(မန္တလေး) ပုလဲရတုမဂ္ဂဇင်း စာမူရှင်များနှင့် တွေ့ဆုံပွဲကိုမူ မဖြစ်မနေ တက်ရောက်ဖြစ်ခဲ့သည်။ စာမူရှင်များကိုယ်စား နိုင်စေရ(မန်းတက္ကသိုလ်)နှင့် ကျွန်တော်တို့ ကျေးဇူးတင်စကားပြောခဲ့ရသည်။ သမဝါယမကောလိပ် ကျောင်းသားဟောင်းမဟုတ်သော်လည်း ကျောင်းသားဟောင်းများထက် မလျော့သော သံယောဇဉ်၊ ပတ်သက်မှုများ ရှိခဲ့သူဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှပေသည်။ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)၊ နိုင်ဗလ၊ မြောက်ပြင်တော်က ကိုရွှေမော်အပြင် အားဖြည့်ထားသော အောင်မျိုးမြတ်(မန်းနေ့စဉ်)တို့ မန္တလေးနေ့စဉ် ဝိုင်းတော်သားများလည်း ထိုအခမ်းအနားတွင် ဆုံကြသည်။

ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်၊ နိုင်စေရ၊ နိုင်ဗလတို့သည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက သူငယ်ချင်းများဖြစ်ပြီး ယခုချိန်ထိ ရေစက်ဆုံ၊ စာပေလုပ်ငန်းတွဲလျက် ထမ်းဆောင်နိုင်ကြသည်မှာ ရေစက်ဟုပင် ပြောရမည်ထင်သည်။ စာမူရှင်များမှာလည်း လူစုံတက်စုံဖြင့် ပျော်စရာကောင်းလှသည်။ စာမူရှင် ဆရာ၊ ဆရာမများ၊ ပြင်ပစာမူရှင်များအားလုံး ခင်ခင်မင်မင် ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရခဲ့သည်။ သမဝါယမကောလိပ်(မန္တလေး) ပုလဲရတုမဂ္ဂဇင်းကို အကြောင်းပြု၍ ပြန်ဆုံကြသော စာရေးဆရာ၊ အနုပညာရှင်များလည်း အများအပြားဖြစ်သည်။

မန္တလေးတိုင်း သမဝါယမအသင်းစု၏ ဝန်ထမ်းဟောင်း(၈၈ မတိုင်ခင်)လည်းဖြစ်၊ သမဝါယမသင်တန်းကျောင်း(စစ်ကိုင်း)ကတည်းကပင် ဝင်ထွက်၊ သွားလာ၊ စားသောက်နေသော ကျောင်းဖြစ်ခြင်း ယနေ့ထက်တိုင် တွေ့ဆုံ၊ ပါဝင်ခွင့်ရနေသော သမဝါယမဒေသကောလိပ်သည် ကျွန်တော့်အတွက် မိမိ၏ကျောင်း၊ မိမိ၏ဌာန၊ မိမိ၏အိမ်ကဲ့သို့ ဖြစ်တည်နေသည်ဟုပင် ဆိုသင့်သည်။ တိုင်းသမဝါယမကတည်းက ရင်းနှီးခဲ့ရသော ဝန်ကြီး ဦးသန်းအောင်၊ ဦးအောင်ဖြူ(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)ကျောင်းအုပ်ကြီး၊ ဦးရဲမြင့်၊ ဦးသိန်းထွန်းတို့နှင့်လည်း သမဝါယမကောလိပ်တွင် ထပ်မံဆုံတွေ့ခဲ့ရသည်။ ထိုအချိန်များသည် ယနေ့တိုင် အမှတ်တရ ရှိနေဆဲဖြစ်သည်။

ယခုအကြိမ် သမဝါယမကောလိပ်(မန္တလေး)အတွင်း ရောက်ခဲ့ရာတွင် ယခင်အဆောင်ငယ်လေးများအပြင် ခမ်းနားထည်ဝါသော ပင်မဆောင်ကြီး၊ ခန့်ညားသော စာကြည့်တိုက် အဆောက်အအုံတို့ဖြင့် တင့်တယ်နေသည်ကို တွေ့မြင်ခဲ့ရသည်။ နှစ်(၃၀) ပုလဲရတုသာမက နောင်နှစ်ရာပေါင်းများစွာတိုင် တည်တံ့၍ တက္ကသိုလ်အဆင့်ထိ မြင့်ချင်သော ဆန္ဒဖြစ်ခဲ့သည်။ ထိုသို့ တည်တံ့စေရန်လည်း မိမိတို့တတ်နိုင်သည့်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရဦးမည်ဟု ဆန္ဒပြုလျက်။

# သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်လ်ထရမ့် အနိုင်ရရန် ရုရှားလိုလားနေသည်ဟု အမေရိကန်ထောက်လှမ်းသိရှိ




**ဝါရှင်တန် ဇူလိုင် ၁၀**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်လ်ထရမ့် အနိုင်ရရန် ရုရှားလိုလားနေသည်ဟု အမေရိကန် ထောက်လှမ်းရေးဌာနမှ အရာရှိတစ်ဦး ဇူလိုင် ၉ ရက်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြု သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့် လက်ရှိအာဏာရ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့နှစ်ဦး ယှဉ်ပြိုင်အရွေးခံရာတွင် ဒေါ်နယ်လ်ထရမ့်ဘက်က အနိုင်ရစေရန် ရုရှားလိုလားနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း အမည်မဖော်သော ထိုအရာရှိက ပြောကြားခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်သမ္မတလောင်း ဟီလာရီကလင်တန်ကို ဒေါ်နယ်လ်ထရမ့် အနိုင်ရအောင် ရုရှားက ကြိုးပမ်းအားထုတ်ခဲ့သည့် အထောက်အထားများရှိသည်ကို တွေ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူပင် ယခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင်လည်း ဒေါ်နယ်လ်ထရမ့်ဘက်မှ အားပေးထောက်ခံသူများ အင်အားကောင်းလာစေရန် အင်တာနက်လူမှုကွန်ရက်များမှတစ်ဆင့် အားထုတ်လုပ်ဆောင်နေကြောင်း ၎င်းက ထောက်ပြသည်။ **Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အာရီယန်း-၆ ဒုံးပျံ၏ ပထမဆုံးခရီးစဉ်တွင် ဂြိုဟ်တုငယ်များကို အောင်မြင်စွာလွှတ်တင်

**ပဲရစ် ဇူလိုင် ၁၀**

ဥရောပအာကာသစူးစမ်းလေ့လာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အာရီယန်း-၆ ဒုံးပျံကို ဇူလိုင် ၈ ရက်၌ ပြင်သစ်ပိုင် ဂီယာနာဒေသမှ ပစ်လွှတ်ခဲ့သည်။

အဆိုပါဒုံးပျံ၏ ပထမဆုံးခရီးစဉ်တွင် ဂြိုဟ်တုငယ်များကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်ဟု ဥရောပအာကာသစူးစမ်းလေ့လာရေးအဖွဲ့က အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒါသမိုင်းဝင်တဲ့ အခိုက်အတန့်ကာလဖြစ်ပါတယ်။ နှစ်စဉ် မလုပ်ဆောင်နိုင်တဲ့ အကြီးစားဒုံးပျံကို ပထမဆုံးလွှတ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နှစ် ၂၀ ဒါမှမဟုတ်ရင် နှစ် ၃၀ မှာမှ တစ်ကြိမ်သာ ဖြစ်မယ့်ကိစ္စပါ။ ဒီနေ့ ကျွန်တော်တို့ အာရီယန်း-၆ ကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပါပြီဟု ဥရောပအာကာသစူးစမ်းလေ့လာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဂျိုးဇက်ဖ်အက်ရှ်ဘာခါက က ထုတ်ဖော်ပြောကြားသည်။

အဆိုပါဒုံးပျံသည် အာရီယန်း-၅နှင့် အသွင်တူသော်လည်း အတွင်းအစိတ်အပိုင်းများကို သုံးဖက်မြင်ပရင်တာဖြင့် ထုတ်လုပ်ခဲ့သဖြင့် အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဖန်တီးနိုင်ခဲ့သည်ဆိုသော်လည်း ယူရိုသန်း ၄၀၀၀ သုံးစွဲခဲ့ရကြောင်း သိရသည်။ **Mon**

0-0-0-0-0

# နူဆန်တာရာမြို့တော်သစ်တွင် လျှပ်စစ်မီးမရသေး ဂျိုကိုဝီဒိုဒို ရုံးခန်းရွှေ့ပြောင်းနိုင်ဦးမည့်ပုံမပေါ်



**ဂျကာတာ ဇူလိုင် ၁၀**

ဂျကာတာမြို့တော်သည် မြေအောက်သို့ တဖြည်းဖြည်းနိမ့်ဝင်လာသည့်အပြင် တိုးပွားလာသော မြို့နေလူထုအတွက် မြို့ကွက်သစ်တိုးချဲ့ရန်လည်း မဖြစ်နိုင်တော့သဖြင့် အင်ဒိုနီးရှားအစိုးရက မြို့တော်နေရာရွှေ့ပြောင်းရန် စီစဉ်ခဲ့သည်။

အရှေ့ကာလီမန်တန်ပြည်နယ် ဆေပါကူဒေသတွင် နူဆန်တာရာဟု အမည်ပေးထားသော မြို့တော်သစ်တည်ဆောက်ရေး စီမံကိန်းကို သမ္မတဂျိုကိုဝီဒိုဒို လက်ထက်တွင် အကောင်အထည်ဖော်စေခဲ့သည်။

တောင်ကုန်းများပေါ်တွင် တည်ဆောက်ထားသော ထိုမြို့တော်သစ်၏ အခြေခံရုံးအဆောက်အအုံများ ပြီးစီးနေပြီဖြစ်သော်လည်း လျှပ်စစ်မီးနှင့် ရေ မသွယ်တန်းရသေးသဖြင့် ဇူလိုင်လအတွင်း သမ္မတဂျိုကိုဝီဒိုဒို ရုံးခန်းရွှေ့ပြောင်းနိုင်ဦးမည့်ပုံမပေါ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်က ဇူလိုင်လဆန်းတွင် သမ္မတရုံးခန်းရွှေ့ပြောင်းနိုင်လိမ့်မည်ဟု ၎င်း မှတ်ထင်ယုံကြည်ခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

# တောင်ကိုရီးယားအမျိုးသားများ သတ်သေမှု မြင့်တက်လာ အမျိုးသမီးများတွင် တာဝန်ရှိသည်ဟု ဝေဖန်ထောက်ပြ

**ဆိုးလ် ဇူလိုင် ၁၀**

ယခုနောက်ပိုင်း တောင်ကိုရီးယားအမျိုးသားများ သတ်သေမှု မြင့်တက်လာခြင်းနှင့်ပတ်သက်၍ အမျိုးသမီးများတွင် တာဝန်ရှိသည်ဟု ဆိုးလ်မြို့တော်ကောင်စီဥက္ကဋ္ဌ ကင်မ်ကီဒတ်က ဝေဖန်ထောက်ပြလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ဆိုးလ်မြို့တော်ကောင်စီဥက္ကဋ္ဌသည် မကြာသေးမီက ထွက်ပေါ်လာသော သေကြောင်းကြံစည်မှုဆိုင်ရာ အစီရင်ခံစာကို အခြေပြုကာ ထိုသို့ဝေဖန်ထောက်ပြခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးများ အိမ်ထောင့်တာဝန်ထမ်းဆောင်မှုနည်းလာသည့်အပြင် လုပ်ငန်းခွင်များ၌ အမျိုးသားများထက် ပိုမိုအခွင့်အရေးရပြီး ဝင်ရောက်လာကြရာမှ အမျိုးသားများ ဟန်မြစ်တံတားပေါ်မှခုန်ချပြီး မိမိကိုယ်မိမိ သတ်သေခဲ့ကြခြင်းဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

စင်စစ်တွင် တစ်ကမ္ဘာလုံး၌ သတ်သေကြသူအများစုသည် အမျိုးသားများဖြစ်ရာ ကင်မ်ကီဒတ်၏ဝေဖန်ချက်နှင့် ပတ်သက်၍ သုတေသနပြုရန်လိုအပ်ဦးမည်ဖြစ်သည်ဟု ဆိုးလ်အခြေစိုက် ယွန်းဆယ်တက္ကသိုလ်မှ စိတ်ကျန်းမာရေးပညာပါမောက္ခ ဆုန်အင်းဟန်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**






# ဘောင်းဘီအိတ်များအတွင်း ဝှက်ပြီးသယ်လာသော မြွေအရှင်အကောင်ရေ ၁၀၀ ကျော် ဖမ်းဆီးရမိ

**ပေကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံ ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရှင်ကျင်းမြို့သို့ သွားရာလမ်းတွင် အမျိုးသားတစ်ဦး ဘောင်းဘီအိတ်များအတွင်းဝှက်ပြီး တရားမဝင်သယ်ဆောင်လာသော မြွေအရှင်အကောင်ရေ ၁၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်ဟု တရုတ်အကောက်ခွန်ဌာနက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရွယ်စုံ၊ အရောင်စုံ မြွေ ၁၀၄ ကောင်ကို အိတ် ၆ လုံးခွဲပြီးထည့်ကာ သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ထိုအကောက်ခွန်ဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြွေအများစုသည် ပြည်တွင်း၌ ပေါက်ဖွားသောမျိုးရင်းများမဟုတ်ကြောင်း သိရသည်။ **Mon**



# ယခုနှစ် ဆန်ဖာမင်နွားရိုင်းစပြေးပွဲတော်တွင် လူနှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့

**မက်ဒရစ် ဇူလိုင် ၁၀**

ဇူလိုင် ၉ ရက်က စတင်သော ယခုနှစ် ဆန်ဖာမင်နွားရိုင်းစပြေးပွဲတော်တွင် လူနှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

စပိန်နိုင်ငံ ပမ်ပလိုနာမြို့တွင် ကျင်းပသော ထိုပွဲတော်၏ပထမနေ့၌ ပရိသတ်ရာနှင့်ချီ၍ ပါဝင်ခဲ့ပြီး လူအုပ်ရှိရာသို့ နွားရိုင်း ၆ ကောင် လွှတ်ပေးခဲ့သည်။

ကမ္ဘာ့ကျော် အမေရိကန်စာရေးဆရာ အားနက်စ်ဟဲမင်းဝေး၏ နေလည်းထွက်ပြီ ဝတ္ထုစာအုပ်တွင် ထိုပွဲတော်အကြောင်း ရေးသားခဲ့ပြီးနောက် တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာကြောင်း သိရသည်။ **Mon**



လူ ၁၈ ဦး သေဆုံးစေခဲ့သည့် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒက်ရှ်ပြည်နယ်အတွင်း ဇူလိုင် ၁၀ ရက်က ဖြစ်ပွားသော နွားနို့တင်ကားနှင့် ခရီးသည်တင်ဘတ်စ်ကားဝင်တိုက်မှု အခြေအနေကို တွေ့ရစဉ်။ **Mon**

## မြို့မဈေးအတွင်းရှိ ကွမ်းသီးနှင့် ကွမ်းယာပစ္စည်းများ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**အောင်လံ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အောင်လံမြို့မဈေးအတွင်းရှိ ကွမ်းသီးနှင့်ကွမ်းယာပစ္စည်း ဈေးဆိုင်များအား ဥပဒေပြဋ္ဌာန်းချက်နှင့် အညီရောင်းချမှုရှိစေရေး ပြည်သူများ လတ်ဆတ်စွာသုံးစွဲနိုင်ရေး အတွက် စားသုံးသူရေးရာအဖွဲ့မှ ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ကွမ်းသီး၊ကွမ်းရွက်နှင့် ကွမ်းယာပစ္စည်းဈေးဆိုင်များအား စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရောင်းချမှုရှိစေရေးအတွက် အဖွဲ့ဝန်ထမ်းများက စနစ်တကျရောင်းချနိုင်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မျိုးသိန်း(ပြန်/ဆက်)



## (၂၂) ဘီးကုန်တင်ယာဉ် ရှေ့ယာဘက်ဘီးပွင့်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိုင်နှင့်အုတ်ခုံတိုက်ပြီး တံတားအောက်သို့ ထိုးကျ

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၂၉/၆)တွင် ဇူလိုင် ၉ ရက် မွန်းလွဲ ၂နာရီ မိနစ်၂၀ခန့်က ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော Beiben အမျိုးအစား အဖြူရောင် (၂၂)ဘီး ကုန်တင်ယာဉ်သည် အဆိုပါ မိုင်တိုင်အရောက်တွင် ရှေ့ယာဘက် ဘီးပွင့်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ ဘုရားတောင်တံတား အမှတ် (၂)ယာဘက်ခြမ်း Guard Post တိုင် သုံးတိုင်နှင့် လမ်းဘေးအုတ်ခုံတို့အား ဝင်တိုက်မိပြီး တံတားအောက်သို့ထိုးကျကာ ဘုရားတောင် ကျေးရွာအဝင်လမ်းတွင် ရပ်တန့်သွားခဲ့သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာသို့ ဘုရားတောင်အမြန်လမ်း မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ယန်းတင် အမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ လာရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်းပါ အမျိုးသား နှစ်ဦးအား သုခဒါနလူမှုကူညီရေးအသင်း လူနာတင်ယာဉ်ဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင် ကူညီပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် 95% Polyester 5% Polyurethane Knitted Dyed Fabric (၁၃၄၅၃ ဒသမ ၆)မီတာနှင့် Cotton 40% Polyester 50% Polyurethane 10% Indigo Knitted Fabric (၅၃၄၂ ဒသမ ၅)မီတာကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံ-လှိုင်းဘွဲ့ ကားလမ်း၊ မဲဘောင်ဈေးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသောက်ကုန် Tapioca Balls (၁၇၈)ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မိုင်တိုင်အမှတ် (၃၇၆/၄)အနီး၌ ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းများဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံထုတ် Napoli စီးကရက်အတောင့် (၅၀၀)အပါအဝင် ကုန်ပစ္စည်း ငါးမျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်မောင်းအိပ်ငိုက်၍ အုတ်ခုံကျောက်တိုင်နှင့် တံတားလက်ရမ်းများဝင်တိုက်မိ

**မန္တလေး ဇူလိုင် ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ်(၇၂/၃နှင့် ၄)ကြားတွင် ဇူလိုင် ၉ရက် ည ၉နာရီ မိနစ်၄၀ခန့်က ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော SCANIA အမျိုးအစား၊ ခဲနက်ရောင်ခရီးသည်တင်ယာဉ်သည် အဆိုပါမိုင်တိုင်ကြား Under pass ကုန်းပေါ်အရောက်တွင် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ တံတားအား ကာရံထားသော အုတ်ခုံကျောက်တိုင်နှင့် တံတားလက်ရမ်းများ ဝင်တိုက်မိပြီး ရပ်တန့်သွားသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာသို့ အုတ်သျှစ်ကုန်း အမြန်လမ်း မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ အုတ်သျှစ်ကုန်းအမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များက လာရောက်ကူညီပေးခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်း၊ အကူယာဉ်မောင်း၊ ယာဉ်နောက်လိုက်ပါ အမျိုးသား ၁၀ဦး၊အမျိုးသမီး ၁၁ ဦးအနက် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသဖြင့် မြို့ချောင်း တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## မုံရွာမြို့၊ အေးသာယာရပ်၊ အုန်နဲ့ပင်လမ်း၊ လမ်းသွယ်ရှိနေအိမ် ၁၀ လုံးကျော် မီးလောင်

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အေးသာယာရပ်၊ အုန်နဲ့ပင်လမ်း၊ လမ်းသွယ်တွင် ဇူလိုင် ၉ ရက် ည ၁၀ နာရီဝန်းကျင်က နေအိမ် ၁၀လုံးကျော် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အေးသာယာရပ်၊ အုန်နဲ့ပင်လမ်းနှင့် ကမ်းနားလမ်းကြား လမ်းသွယ်ရှိ နေအိမ် အိပ်ခန်းအတွင်း ဖယောင်းတိုင် မီးထွန်းထားရာ ခြင်ထောင်မှတစ်ဆင့် နေအိမ်ထရံသို့ မီးစတင်ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း မုံရွာခရိုင် မီးသတ်ဦးစီးမှူးထံက သိရသည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးက ပိုလန်မီးသတ်ယာဉ် တစ်စီးနှင့် ရေသယ်ယာဉ် နှစ်စီး အပါအဝင် မုံရွာခရိုင်၊ မုံရွာမြို့နယ် မီးသတ်စခန်းများနှင့် အေးသာယာ၊ အောင်ချမ်းသာ၊ထန်းတော၊ဒေါနခြံ၊ကျွဲကြီး၊ကမ်းနားလမ်း၊မြို့သစ်၊ သလ္လာရပ်ကွက်များမှ မီးငြိမ်းသတ်ယာဉ် ၁၇စီး၊ရေသယ်ယာဉ် ၈ စီး၊ သနွေမီးသတ် တပ်ဖွဲ့ဝင် ၆၆ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ ဦးနှင့် လူမှုကူညီရေးအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၉ နာရီ မိနစ် ၅၀ ခန့်က စတင်လောင်သော မီး သည် ည ၁၁ နာရီ ၅ မိနစ်တွင် လုံးဝငြိမ်းသွားသည်။

မီးလောင်မှုကို စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဦး၊ မုံရွာခရိုင် မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူးနှင့် မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇင်မိုအောင်တို့က အနီးကပ်ကြီးကြပ်ငြိမ်းသတ်ဆောင်ရွက်ခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေးအတွက် စုံစမ်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၃၉၄)**



# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော် မကွေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

မကွေး ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်မိမိမော်သည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစိုး၊ ခရိုင်တရားသူကြီး၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက မကွေးဗဟို အကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။



**စစ်ဆေးကြည့်ရှု**

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က အကျဉ်းသား အကျဉ်းသူများအား ဥပဒေပါ အခွင့်အရေးများ ရရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားညှဉ်းပန်းနှိပ်စက်မှုများ ရှိ၊ မရှိ၊ သောက်သုံးရေ သန့်ရှင်းစင်ကြယ်မှု ရှိ၊ မရှိ၊ အစားအသောက် အာဟာရသင့်တင့်မျှတ ကောင်းမွန်စွာ ကျွေးမွေးမှု ရှိ၊ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ၊ မရှိ အဆောင်များ သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ၊ မရှိ၊ အမျိုးသမီး အကျဉ်းသူ အချုပ်သားများအား အကာအရံ လုံခြုံစွာဖြင့် အမျိုးသမီး အဖော်များဖြင့် စောင့်ရှောက်မှု ရှိ၊ မရှိ၊ စစ်ဆေးဆဲအမှုများမှ ကြန့်ကြာသည့် အချုပ်တရားခံများ ရှိ၊ မရှိ၊ လူ့အခွင့်အရေးများ ချိုးဖောက်မှု ရှိ၊ မရှိနှင့် ကျန်းမာရေး စောင့်ရှောက်ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုခဲ့ကာ အကျဉ်းသား အကျဉ်းသူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဗဟိုအကျဉ်းထောင်အတွင်း၌ အပြစ်ကျအကျဉ်းသား ကျား ၁၉၁၅ ဦး၊ မ ၂၆၈ ဦး စုစုပေါင်း ၂၁၈၃ ဦးရှိပြီး တရားရုံးစစ်ဆေးဆဲ အချုပ်သား ကျား ၇၅ ဦး၊ မ ၁၇ ဦး စုစုပေါင်း ၉၂ ဦး ရှိကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

**မိမိပိုင် နိုင်ငံသား စိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဟင်္သာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

ဟင်္သာတ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးဝင်းမြိုင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်တို့နှင့်အတူ ဇူလိုင် ၈ ရက်နံနက်ပိုင်းက ဟင်္သာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရ၊ မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “U Soe Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အတွင်းပဒုံကျေးရွာနေ မြတ်စိုးထွန်းအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “U Nay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇) ရပ်ကွက်နေ ဟိန်းဇော်ညီညီထွေး(ခ)ဟိန်းဇော်အား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအား ငါးနှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့စစ်မှုထမ်း သင်တန်းပြီးစီးခဲ့သည့် သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများ အနေဖြင့် သင်တန်းခေါ်ယူစဉ်က နှစ်နှစ်တာဝန်ထမ်းဆောင်ရမည်ဟု ခေါ်ယူထားသော်လည်း လက်တွေ့တွင် ငါးနှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း ပြည်သူအများ စိုးရိမ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်မီဒီယာများ၊ လူမှုကွန်ရက်များနှင့် Mobile ဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း) ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ ပေးပို့အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီသာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် လူငယ်၊ လူရွယ်များ လမ်းမှားရောက်စေရန်အတွက် အချိန်ကိုက် သွေးထိုးလှုံ့ဆော်ဝါဒဖြန့် ထုတ်လွှင့်လျက်ရှိပြီး လုပ်ကြံဖန်တီးထားသည့်သတင်းများ၊ ကောလာဟလသတင်းများကို အချိန်ကိုက်ဝါဒဖြန့်ချိလျက်ရှိရာ အခြေအမြစ်မရှိသည့် သတင်းအမှားများကြောင့် စိုးရိမ်ပူပန်မှု၊ အသိအမြင်လွဲမှားမှုများမဖြစ်ပေါ်စေရန် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာ သတင်းများသိရှိနိုင်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိပြီး သိရှိလိုသည်များ၊ မရှင်းလင်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်များအဆင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များသို့ ရုံးချိန်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။




သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းသူအဖြစ် ယာမဲလ် မှတ်တမ်းဝင်



**မက်ဒရစ် ဇူလိုင် ၁၀**

စပိန်လက်ရွေးစင်အသင်း တောင်ပံကစားသမား ယာမဲလ် (အသက် ၁၆နှစ် ၃၆၂ရက်)သည် ယူရို ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူ အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါတောင်ပံကစားသမားသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် အဖြစ် စပိန်အသင်းက ပြင်သစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး တစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ် သည် စပိန်လက်ရွေးစင်အသင်းနှင့် အတူ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲ ၉ ပွဲ ကစားကာ ၁ ဂိုး သွင်းယူထားသည်။

ယာမဲလ်က ကျွန်တော်အခု လို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို စံချိန်တွေနဲ့ စပိန်အသင်းနှင့်အတူ ၂၀၂၄ ယူရိုချန်ပီယံဆုကြီး ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။ **(ယာဗုံ)(NGB)**

## ဂိုးသမား ဂျိုးဆက်မာတီနက်ဇ်အား အင်တာမီလန်အသင်းခေါ်ယူ




**မီလန် ဇူလိုင် ၁၀**

အင်တာမီလန်အသင်းသည် ဂျီနိုအာအသင်း ဂိုးသမား ဂျိုးဆက် မာတီနက်ဇ်အား ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်း + အပိုဆုကြေး ၅ သန်းဖြင့် အပြီးသတ်ခေါ်ယူ ခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဂျီနို အာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ ပွဲကစားပြီး အကောင်းဆုံး လက် စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီ လန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ် သည်။

လာမည့် ဘောလုံးရာသီသစ် အတွက် အကောင်းဆုံးပြင်ဆင်မှု များပြုလုပ်နေသည့် စီးရီးအေကလပ် အင်တာမီလန်အသင်းသည် လက် ရှိဈေးကွက်အတွင်းတွင် ကစား သမား ၄ ဦးအထိ ခေါ်ယူအား ဖြည့်ထားပြီး ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## လူငယ်နောက်ခံကစားသမား ယမင်းဖြူအား ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း ခေါ်ယူအားဖြည့်




**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်ယူနိုက်တက်အမျိုး သမီးအသင်းသည် ၂၀၂၄ မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ (ဒုတိယ အကျော့)အတွက် ပြင်ဆင်မှုများ စွာပြုလုပ်လျက်ရှိပြီး လူအင်အား ထပ်မံဖြည့်တင်းမှုအဖြစ် YREO အသင်းမှ လူငယ်နောက်ခံကစား သမား ယမင်းဖြူအား ခေါ်ယူခဲ့ သည်။

အသက် ၁၇ နှစ်အရွယ်သာ ရှိပြီး ငယ်ရွယ်သော်လည်း နိုင်ငံ တကာပြိုင်ပွဲနှင့် ပြည်တွင်းပြိုင်ပွဲ အတွေ့အကြုံကောင်းများ ပိုင်ဆိုင် ထားသည့် ယမင်းဖြူသည် YR-EO အသင်းမှ မွေးထုတ်သင် ကြားပေးခဲ့ပြီး ၅ နှစ်ကြာကစား ခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းကို ပြောင်းရွှေ့ လာခြင်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း ကို ရောက်ရှိလာခဲ့ခြင်းအပေါ် "ရန်ကုန်ယူနိုက်တက်အသင်းကို ရောက်ရှိလာရတာ အရမ်းဝမ်း သာပါတယ်။ ဆရာကောင်းတွေ နဲ့ သူငယ်ချင်းအသစ်တွေနဲ့အတူ အသင်းအောင်မြင်မှုအတွက် ကြိုးစားယှဉ်ပြိုင်သွားပါမယ်"ဟု ကစားသမားသစ် ယမင်းဖြူက ဝမ်းသာပီတိစကားပြောကြားခဲ့ သည်။

ရန်ကုန်ယူနိုက်တက်အမျိုး သမီးအသင်း၏ ဒုတိယအကျော့ ပွဲစဉ်ကို ဇူလိုင် ၁၈ ရက်တွင် ပြန်လည် စတင်သွားမည်ဖြစ်ပြီး YREO အသင်းနှင့် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## ခရိတ်ဘယ်လာမီအား နည်းပြသစ်အဖြစ် ဝေးလ်လက်ရွေးစင်အသင်းခန့်အပ်




**လန်ဒန် ဇူလိုင် ၁၀**

ဝေးလ်လက်ရွေးစင်အသင်း သည် အသင်းနည်းပြသစ်အဖြစ် အသင်း ကစားသမားဟောင်း ဖြစ်သူ ခရိတ်ဘယ်လာမီအား ခန့် အပ်ခဲ့ကြောင်း အတည်ပြုထုတ် ပြန် ကြေညာခဲ့သည်။

အဆိုပါ နည်းပြသစ်သည် ဝေးလ်လက်ရွေးစင်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ် တစ်ရပ် ချုပ်ဆိုခဲ့သည်။

အသက်(၄၄)နှစ်အရွယ်ရှိ ခရိတ်ဘယ်လာမီက ကျွန်တော် ဝေးလ်လက်ရွေးစင်အသင်းနည်းပြ သစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကိုယုံကြည်စွာနဲ့ တာဝန် ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူး တင်ပါတယ်။ ဒီအသင်းအောင် မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုး စားသွားမှာပါဟု ပြောသည်။

**(အပေါ်ဝဲပုံ)(NGB)**

## ဒူရမ်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၀**

ဝက်စ်ဟမ်းအသင်းသည် အက်စတွန်ဗီလာအသင်းတိုက်စစ် မှူး ဒူရမ်အား ခေါ်ယူရန် စီစဉ် လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်စတွန် ဗီလာအသင်းနှင့်အတူ ၂၀၂၂-



၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံး ရာသီအထိ ပြိုင်ပွဲစုံ ၄၉ ပွဲကစား ပြီး ၈ ဂိုး သွင်းယူကာ ခြေစွမ်း ပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်း အသင်းက ခေါ်ယူရန် စီစဉ်လာ ခြင်း ဖြစ်သည်။

အက်စတွန်ဗီလာအသင်း ကလည်း ဒူရမ်အတွက် မြင့်မား သည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိ သည်။

ထို့ကြောင့် ဝက်စ်ဟမ်း အသင်းအနေဖြင့် လက်ရှိဈေးကွက် အတွင်းတွင် အက်စတွန်ဗီလာ အသင်းထံမှ ဒူရမ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ)(NGB)**

### ဘောလုံးသတင်း အတိုအထွာများ

* ၂၀၂၄ ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ကနေဒါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* မန်ချက်စတာယူနိုက်တက်အသင်းသည် ချဲလ်ဆီးအသင်း နောက်ခံကစားသမား ဘန်ချီဝဲလ်အား ခေါ်ယူရန် စိတ်ဝင်စားလျက် ရှိကြောင်းသတင်းများက ဖော်ပြခဲ့သည်။ **(NGB)**




## အိုကိုလီအား ၅ နှစ် စာချုပ်ဖြင့် လက်စတာစီးတီးအသင်း ခေါ်ယူ

**လီဆက်စတာ ဇူလိုင် ၁၀**

ပရီးမီးယားလိဂ်တန်းတက် ကလပ် လက်စတာစီးတီးအသင်း သည် အတ္တလန္တာအသင်းနောက်ခံ ကစားသမား အိုကိုလီအား ၅ နှစ် စာချုပ် ချုပ်ဆိုကာခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့ သည်။

အဆိုပါ နောက်ခံကစား သမားသည် ပြီးခဲ့သည့်ဘောလုံး ရာသီက အတ္တလန္တာအသင်းမှ ဖရီ ဆီနိုနီအသင်းသို့ အငှားသွား ရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၄ ပွဲ ကစားကာ အကောင်းဆုံးခြေစွမ်း ပြနိုင်ခဲ့ခြင်းကြောင့် လက်စတာ စီးတီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အိုကိုလီက ကျွန်တော်လက်စတာ စီးတီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့အိပ်မက်တွေလည်းပြီး ပြည့်စုံပါပြီ။ ဒီအသင်းနဲ့အတူ ပွဲ ထွက်ကစားဖို့ မစောင့်နိုင်လောက် အောင်ပါပဲဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်



**လန်ဒန် ဇူလိုင် ၁၀**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ် ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန် တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစား သမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ် ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Tommy Paul အား ၅-၇၊ ၆-၄၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိ ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက် ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Wimbledon တင်း နစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Car-los Alcaraz နှင့် ရုရှားတင်းနစ် ကစားသမား Daniil Medve-dev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၁-၇-၂၀၂၄ ကြာသပတေးနေ့ | ညနေ ၃း၃၀ နာရီ (တောင်ကြီးကွင်း) | (၄)ရှမ်း - ဒဂုံစတား (၁) W W | ရှမ်း ၃-၁ ဒဂုံစတား ဒဂုံစတား ၂-၃ ရှမ်း |



# မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ် ပွဲတော်စည်ကားလျက်ရှိ

**မန္တလေး ဇူလိုင် ၁၀**

မဟာမုနိဘုရားကြီး (၈၆)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် ခြင်းဝါသနာရှင်များဖြင့် စည်ကားလျက်ရှိသည်။

ဝါဆိုခြင်းပွဲတော်ကို နယုန်လပြည့်ကျော် (၁)ရက်မှစတင်ကာ ဝါဆိုလပြည့်ကျော် (၁)ရက်အထိ ရက် ၃၀ တိုင်တိုင် နေ့စဉ် နံနက် ၈နာရီ မှ ညနေ ၆ နာရီအထိ ညှော်ခံခတ်ကစားလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ခြင်းဝါသနာရှင်များ လာရောက်ကြည့်ရှုစည်ကားလျက်ရှိသည်။

" ကိုဗစ်ကာလနောက်ပိုင်း ပြန်လည်ကျင်းပလာတာ ဒီနှစ်ကတော့ ခြင်းအသင်းတွေ ပြန်တိုးလာသလို ပွဲတော်ချိန်လည်း တစ်လတိတိ ပြန်ကျင်းပနိုင်လာပါတယ်။ နယ်ဝေး ခြင်းကစားသမားတွေ မလာနိုင်ပေမယ့် မန္တလေးမြို့ခံအသင်းတွေကိုက အသင်း ၆၀၀ ကျော်ပါတယ်။ အရင်ကလို နိုင်ငံခြားသားခြင်းဝါသနာရှင်တွေကတော့ ကိုဗစ်စဖြစ်ကတည်းက မလာနိုင်တော့တာပါ။ဝါဆိုခြင်းပွဲတော်ချိန်မှာတော့ မြို့ခံ ခြင်းဝါသနာရှင်များနဲ့ နေ့စဉ်စည်ကားလျက်ရှိပါတယ်"ဟု ဝါဆိုခြင်းအမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

(၈၆)ကြိမ်မြောက်ဝါဆိုခြင်းအလှုခတ်ပွဲတော် တွင် ဝါသနာရှင်ပညာရှင်များပါဝင်သည့် ခြင်းအသင်းပေါင်း ၆၀၀ဖြင့် တစ်ရက်လျှင် ခြင်းအသင်း ၂၀ က အလှည့်ကျခတ်ကစား ညှော်ခံခတ်ကစားပြလျက်ရှိရာ ခြင်းဝါသနာရှင်များ လာရောက်အားပေးကြည့်ရှုစည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

အလှုခတ်ခြင်းခတ်ကစားရာတွင် ခြင်းကြီး (၁၀)မျိုး၊ ခြင်းလတ် (၁၀)မျိုး၊ လက်ရွေးစင် ခေတ်ဆန်း (၁၀)မျိုးတို့ကို အခြေခံထိချက်များဖြစ်သည့် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်ထိချက် ခြောက်ချက်ဖြင့် ဆိုင်းဝိုင်းနှင့်အတူ အနုပညာဆန်ဆန် လှပစွာခတ်ကစားကြကြောင်း သိရသည်။ **မန္တလေးနေ့စဉ်(၆)**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက အဆိုပါ မြို့နယ်ရှိ သံလျက်မော်တောင်ရပ်ကွက်မွှာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်က သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများအား တစ်နိုင်ငံလုံး(သို့မဟုတ်)သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း ကောက်ယူသောလုပ်ငန်းဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရခြင်းမှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်နှင့်လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန် ရည်ရွယ်ပါကြောင်း ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းကော်မတီဝင်များက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ချမ်းမြေ့**



# နှမ်းများရိတ်သိမ်းအထွက်နှုန်းကောင်း ယခင်နှစ်ထက်ဈေးကောင်းရ တောင်သူများ အဆင်ပြေ



**မန္တလေး ဇူလိုင် ၁၀**

ယခုနှစ်နွေနှမ်းရိတ်သိမ်းချိန် အထွက်နှုန်းကောင်းမွန်ပြီးယခင်နှစ်ထက် ဈေးကွက်ဈေးကောင်းရရှိတာကြောင့် နှမ်းစိုက်တောင်သူများအဆင်ပြေ ဝင်ငွေတိုးလာကြောင်း တောင်သူများထံက သိရသည်။

၂၀၂၄ခုနှစ်နွေစပါး စိုက်ပျိုးချိန်နှင့်အတူစိုက်ပျိုးသည့် နွေနှမ်းများမှာ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ နှမ်းအတွက် ကောင်းမွန်သည့်ရာသီဥတုဖြစ်ခဲ့တာကြောင့် တစ်ဧက အထွက်နှုန်း မြင့်မားခဲ့ကြောင်း၊ ဈေးကွက် ပေါက်ဈေးအရ နှမ်းဖြူဈေးမှာ တစ်တင်း ငွေကျပ် ၁၂၀၀၀၀ ကျော်ပေါက်ဈေးရရှိတာကြောင့် နွေနှမ်းစိုက်တောင်သူများအဆင်ပြေကြောင်း အမရပူရမြို့နယ်၊ သာလှအေး ကျေးရွာမှ တောင်သူ ဦးရဲသူအောင်က ပြောသည်။

"ဒီနှစ်ရာသီဥတုလေးက မိုးနည်းတော့ နှမ်းအကြိုက်ရာသီဥတုဖြစ်ခဲ့တော့ အထွက်နှုန်းကောင်းကြပါတယ်။ အခင်းကောင်းရင် တစ်ဧက ၁၅ တင်းလောက်ထိထွက်ကြသလို ပျမ်းမျှ ၁၀ တင်း အနည်းဆုံးထွက် ရှိပါတယ်။ နှမ်းဖြူဈေးက မနှစ်က တစ်တင်းငွေကျပ် ၁၀၀၀၀၀ ဈေးရှိခဲ့တာကနေ ဒီနှစ် ၁၂၀၀၀၀ ကျော် ရောင်းရတော့ တောင်သူတွေ အဆင်ပြေပါတယ်" ဟု ၎င်းက ပြောသည်။

နွေနှမ်းစိုက်ပျိုးမှုကို မတ်လကစတင်ကာ စိုက်ပျိုးပြီး ဇူလိုင်လအတွင်း အပြီးရိတ်သိမ်းလေ့ရှိရာ ယခုနှစ်မိုးဦးကာလ မိုးရွာသွန်းမှုနည်းပါးတာကြောင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်သည်။ ထို့ပြင် ပြည်တွင်းဆီလိုအပ်ချက်မြင့်မားနေတာကြောင့်လည်း ဈေးကွက်အတွင်း နှမ်းမျိုးစုံဈေးကောင်းရရှိနေခြင်းဖြစ်သည်။

မန္တလေးဈေးကွက်တွင် နှမ်းဖြူထိပ်စ တစ်တင်းလျှင် ငွေကျပ် ၁၂၆၀၀၀ ပေါက်ဈေးရှိသဖြင့် နှမ်းတစ်ဧကလျှင် ဝင်ငွေ ၁၂သိန်းကျော်ရရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မန္တလေးနေ့စဉ်(၆)**

# ရတနာပုံတက္ကသိုလ်၌ အားကစားပြိုင်ပွဲများအလိုက် ဆုရအသင်းများအား ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများအလိုက် ဆုရအသင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာဦးခင်မြို့၊ ဒေါက်တာခင်မော်မော်ဆိုး၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်နှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဘတ်စကက်ဘောပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲစဉ်တွင် ဥပဒေပညာအသင်းနှင့် ညွှန့်ပေါင်း(၁)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥပဒေပညာအသင်းက (၇၈)မှတ်၊ (၂၆)မှတ်ဖြင့် အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ဌာနမှူး(စီမံ/ဘဏ္ဍာ)တို့က ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား တစ်ဦးချင်းဆုများ၊ အကောင်းဆုံးအားကစားသမားဆုများ၊ (အမျိုးသား၊ အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲ တံခွန်စိုက်ဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ဝ၈၂)



# ရောဝတီမြစ်ရေမြင့်တက်လာမှုအား စောင့်ကြည့်စစ်ဆေး

**မန္တလေး ဇူလိုင် ၁၀**

မြန်မာပြည်အထက်ပိုင်းဒေသများတွင် မိုးများရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေများ မြင့်တက်လျက်ရှိရာ မန္တလေးခရိုင်အတွင်း ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ဧရာဝတီမြစ်နှင့် ထိစပ်လျက်ရှိသော ညောင်ကွဲရေကင်း၊ သရက်တစ်ပင်ရေကင်းနှင့် ဂေါဝန်နယ်မြေမီးသတ်စခန်းရေကင်းများ ဖွင့်လှစ်ထားရှိရာ ဇူလိုင် ၉ရက် နံနက် ၈နာရီခွဲက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုတို့က ဧရာဝတီမြစ်ရေမြင့်တက်လာမှုနှင့် မန္တလေးမြို့၏ စိုးရိမ်ရေအမှတ်အနီးရောက်ရှိလာမှုများအား စောင့်ကြည့်စစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ၇၆လမ်း၊ မြို့ပတ်လမ်းကြား၊အကွက်(၅၅) အ·မ·က(၃၅) စာသင်ကျောင်းအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လူနေရပ်ကွက်နှင့် ကျေးရွာများအတွင်းသို့ ရေဝင်ရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီရွှေ့ပြောင်းကယ်ဆယ်နိုင်ရေး လိုအပ်သည်များကို ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးများအား မှာကြားခဲ့ကြောင်း သိရသည်။

(ဝ၄၅)



## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင် ရေပြင်ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်း အခမ်းအနား တက်ရောက်

**မကွေး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ရေပြင်ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်း အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက မကွေးမြို့၊ ကမ်းနားလမ်းရှိ ညဈေးတန်းတွင် ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံလေတပ်မှ ဗိုလ်မှူးချုပ် သန်းနိုင်ညွန့်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို ဆောင်ရွက်လျက်ရှိရာ သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် ယခုလိုသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို ဆောင်ရွက်တာဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားလာပါက ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမဖြစ်စေရေး ရှာဖွေကယ်ဆယ်ရေးနဲ့ ကယ်ဆယ်ရွှေ့ထုတ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အမြဲအသင့်အနေအထားရှိနေဖို့ လိုအပ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့အနေဖြင့် မြစ်ရေမြင့်တက်မှုအခြေအနေနှင့် ပတ်သက်ပြီး ပြည်သူများကို အသိပညာပေးခြင်း၊ သတိပေးခြင်း၊ ရေဘေးဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအင်အားစုများ၊ စက်လှေ၊ ရေယာဉ်များ၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို မြို့နယ်အလိုက် အသင့်စုဖွဲ့ထားလျက်ရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာတွေကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်ဖို့၊ အမြဲအသင့်ဖြစ်နေဖို့နဲ့ မိုးဦးကာလနှင့် မိုးနှောင်းကာလများအတွင်း ဖြစ်ပေါ်တတ်သည့် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေကြီးမှုဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တပ်ဖွဲ့ဝင်များအား အသင့်လေ့ကျင့်ပြင်ဆင်ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များဖြစ်သည့် မြေနုကျွန်းပေါ်ရှိ ရေဘေးသင့် ပြည်သူများကို Assault Boat အသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းမှု သရုပ်ပြသခြင်းများနှင့် Intelligence Lifebuoy များအသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး ခင်းကျင်းပြသထားသည့် ရေပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

အောင်ကို(ဖန်ခါးမြေ)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အောင်လက်မှတ်ဆက်ကပ်ပွဲတွင် လှူဒါန်းနိုင်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အမှတ်စဉ်(၁၈)သင်တန်းဆင်း အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားအား ရွှေအင်းဝဗိမာန်တော်၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အထူးပင့်မဟာထေရ်ကြီး ၁၂ ပါး၊ သင်တန်းကျောင်း နာယကဆရာတော် ၉ပါး၊ သင်တန်းကျောင်း ကထိကနည်းပြဆရာတော် ၁၂ ပါးနှင့် စာအောင်သံဃာ ၃၇ ပါး စုစုပေါင်းသံဃာတော် အပါး ၇၀တို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းမည်ဖြစ်သဖြင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အဆင့်မြင့်စက်ချုပ်နည်းပညာဆရာမများ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အဆင့်မြင့်စက်ချုပ်နည်းပညာဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉နာရီက အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံသင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)က စက်ချုပ်ကျွမ်းကျင်သူများ မွေးထုတ်သင်ကြားပေးနိုင်သည့် ကျွမ်းကျင်ဆရာမများဖြစ်သည်အထိ ကြိုးစားကြစေလိုကြောင်း၊ မိသားစုဝင်ငွေတိုး သင်တန်းများတွင်လည်း တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်ငယ်များ မွေးထုတ်ပေးနိုင်သည့် သင်တန်းနည်းပြများအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် သင်တန်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ သင်တန်းတွင် စက်ချုပ်နည်းပညာဆရာမ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၁၀ရက်မှ ဇူလိုင် ၁၀ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)



## တက္ကသိုလ် လေ့ကျင့်ရေးတပ်ဆိုင်ရာ သိကောင်းစရာများဟောပြော

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးတက္ကသိုလ်၌ အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် တပ်ဖွဲ့ဝင်ဆိုင်ရာ သိကောင်းစရာများနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီးဟန်ဝင်းဇင်က တက္ကသိုလ်လေ့ကျင့်ရေးတပ် အကြောင်း ဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီးဟန်ဝင်းဇင်နှင့်တပ်ဖွဲ့ဝင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**(၀၅၆)**

## ပြည်တွင်း၌ ဗီယက်နမ်မျိုး ထောပတ်သီးများစတင်ထွက်ရှိပြီး တရုတ်သို့တင်ပို့ရန် ဆောင်ရွက်နေ

ပြည်တွင်း၌ ဗီယက်နမ်မျိုး ထောပတ်သီးများ စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် ရင့်မှည့်သဖြင့် ခူးဆွတ်နိုင်ပြီဖြစ်ပြီး တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် GACC ရရှိအောင် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

ယခုရင့်မှည့်၍ ခူးဆွတ်ပြီး တင်ပို့ရောင်းချနေသော ဗီယက်နမ်မျိုးထောပတ်သီး တစ်ကီလိုဈေးနှုန်းမှာ လက်လီတွင် ငွေကျပ် ၇၀၀၀ နှင့် လက်ကားဈေးမှာ ငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း ထိုအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အစောဆုံးအသီးက ဗီယက်နမ်က သယ်လာတဲ့မျိုးဖြစ်တဲ့ ထောပတ်သီးတွေ ဒီတစ်ပတ်ထဲမှာ ရင့်မှည့်လို့ စတင်ခူးဆွတ်နေပြီ။ ဒီနှစ် ထောပတ်သီးစိုက်ရာမှာ အသီး တင်နှုန်းက ၈၀ ရာခိုင်နှုန်းလောက် ကျဆင်းတယ်။ ပြည်ပဈေးကွက်မှာ တရုတ်ဘက်ကို တရားဝင်တင်ပို့နိုင်မယ်ဆိုရင် ထောပတ်သီးတန်ချိန်အားလုံး တရုတ်ဘက်ကို တင်ပို့နိုင်မယ်" ဟု ၄င်းက ပြောသည်။

ပြည်တွင်း၌ ဟာ့စ်၊ ဘူးကေးရီးယား၊ အမရာ စသည်တို့ အပါအဝင် ငါးမျိုး စိုက်ပျိုးကြပြီး ယခင်နှစ် စာရင်းများအရ ထောပတ်သီးတန်ချိန် ၂၀၀၀ ဝန်းကျင် ထွက်ရှိကြောင်း၊ မြန်မာ့ထောပတ်သီးများကို ထိုင်းနိုင်ငံမှ ဝယ်ယူမှုမှာ ၉၀ ရာခိုင်နှုန်းရှိ၍ တရုတ်ဘက်သို့ တရားဝင်တင်သွင်းခွင့်ရရှိရန် အသင်းမှ ဆောင်ရွက်နေသည်။



"မြန်မာ့ထောပတ်သီးကို ဝယ်ယူဖို့ ကမ်းလှမ်းတဲ့ နိုင်ငံတွေက များပေမယ့် ပြဿနာက ထုပ်ပိုးအခြေခံအဆောက်အအုံ မပြည့်စုံသေးဘူး။ ဒူဘိုင်းနိုင်ငံက စိတ်အဝင်စားဆုံးဖြစ်ပြီး တစ်ပတ်ကို တန် ၅၀ လိုချင်တာတောင် ထုပ်ပိုးနိုင်တာမရှိလို့ မတင်နိုင်ဘူး။ ထုပ်ပိုးစက်ရုံမရှိလို့ အိန္ဒိယဆိုရင် မနှစ်က တန်ချိန် ၂၀၀၀ တင်ပို့ဖို့ စာချုပ်ချုပ်ခဲ့ပေမယ့် နောက်ဆုတ်ခဲ့ရတယ်" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်တွင် မြန်မာထောပတ်သီး ဝယ်ယူလိုသူများပြားသော်လည်း အရှေ့တောင်အာရှနိုင်ငံများသို့ ဈေးကွက်ဖောက်ရန် လျာထားပြီး လတ်တလောတွင် ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ရန် ရည်ရွယ်ထားကြောင်း သိရသည်။

(ဓါတ်ပုံ) (မန္တလေးနေ့စဉ်-၉)



## သဘာဝဘေးကာကွယ်ရေး ကြိုတင်စုဖွဲ့ ပြင်ဆင်

**ကျိုင်းတုံ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံဒေသအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် ကျိုင်းတုံခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့၏ သဘာဝဘေး ကြိုတင်စုဖွဲ့ပြင်ဆင်မှုအား ယမန်နေ့က ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေးကြိုတင်ဖွဲ့စည်းပြင်ဆင်ကာ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူအင်အား၊ ယာဉ်ယန္တရား၊ စားနပ်ရိက္ခာ၊ ခိုလှုံရန်နေရာ ပြင်ဆင်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များက ကြည့်ရှုအားပေးပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားကြုံတွေ့ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရေး၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရေး ကြိုတင်ပြင်ဆင်ရန်အတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ခရိုင်၊ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းသဘောသဘာဝနှင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ရုံးလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာနှင့် ထိရောက်၊ ထက်မြက်စွာ ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းတွင် ဥတ္တရခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဥတ္တရခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကိုဆက်လက်ကျင်းပရာ သင်တန်းနည်းပြများက ရုံးလုပ်ငန်းသဘောတရား၊ ရုံးစာရေးသားနည်း၊ စာပေးစာယူ၊ အစည်းအဝေးကျင်းပခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လုပ်ငန်းမှတ်တမ်းရေးသားခြင်းနှင့် လုပ်ငန်းစီမံချက်ရေးသားခြင်းအကြောင်းတို့ကို သင်တန်းသူ၊ သင်တန်းသားများအား ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်အတွင်းရှိ အမှုထမ်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကာ ဥတ္တရခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယခုသင်တန်းအပြင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် အထောက်အကူဖြစ်စေမည့် အခြားသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*—*—*—*—*

## ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အရိပ်ရသစ်ပင်မျိုးစုံ ၈၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၁၀**



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်း၊ ဒဟတ်၊ ယူကလစ်၊ တမာ စသည့် အရိပ်ရသစ်ပင်မျိုးစုံ ၈၀၀၀ ကျော် အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးရာသီတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ အကောင်အထည်ဖော် စိုက်ပျိုးခြင်းကို မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ဒေသခံကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ပူးပေါင်း၍ ခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက် ဘက်စုံသုံးစိုက်ခင်းများအဖြစ် ကျေးရွာတစ်ရွာလျှင် နှစ်ဧကနှုန်းဖြင့် ပွင့်ဖြူမြို့နယ် ရွာသစ်ကလေးကျေးရွာ၊ ဆင်လူး(တ)ကျေးရွာ၊ ဆင်လူး(မ)ကျေးရွာ၊ လေးအိမ်ကုန်းကျေးရွာနှင့် ရေပုတ်ကြီးကျေးရွာတို့တွင် ယူကလစ်၊ ကျွန်း၊ ဒဟတ် စုစုပေါင်း အရိပ်ရသစ်ပင်မျိုးစုံ အပင် ၆၀၀ စီ အကောင်အထည်ဖော်စိုက်ပျိုးခဲ့ပြီး ကျေးရွာဘက်စုံသုံးစိုက်ခင်းအဖြစ် ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာနှင့် ချောင်းဆုံကျေးရွာကြားတွင် တမာစိုက်ခင်း ၁၅ ဧက ပျိုးပင်ပေါင်း ၄၅၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ထို့အပြင် ရေပုတ်ကြီးကျေးရွာနှင့် စလင်းမြို့နယ် ဇယ်တွင်းကျေးရွာသို့ ဆက်သွယ်သွားလာသည့် ကျေးရွာချင်းဆက် လမ်းဘေး(ဝဲ၊ ယာ)တွင် ကျွန်းပင် ၂၀၊ ဒဟတ်ပင် ၆၀၊ ယူကလစ် ၅၂၀၊ စုစုပေါင်း အရိပ်ရသစ်ပင်မျိုးစုံ အပင် ၆၀၀ တို့ကို စိုက်ပျိုးခဲ့ရာ စုစုပေါင်း အရိပ်ရသစ်ပင်မျိုးစုံအပင် ၈၁၀၀ အား ယခုနှစ် ဇွန်လကုန်တွင် စိုက်ပျိုးဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့အပြင် မြို့နယ်အတွင်း သစ်တောပြုန်းတီးမှုများ လျော့နည်းကျဆင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ကာ ရာသီဥတုပြောင်းလဲမှုများကြောင့် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် ရည်ရွယ်ပြီး ယခုနှစ်မိုးရာသီတွင် အထူးစိမ်းစိုက်ခင်းအဖြစ် အရိပ်ရပင်များဖြစ်သည့် ဒဟတ်၊ ကုက္ကို၊ ရှား၊ မယ်ဇလီ စသည့် အရိပ်ရသစ်မျိုးစုံ ၇၅၀၀ ပင်နှင့် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ယူကလစ်နှင့် မျှင်ဝါးစိုက်ခင်း ၉၀ ဧကတို့ကိုလည်း အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ဘက်စုံသုံးစိုက်ခင်းများထွက်ရှိလာသော ထင်း၊ မျောတိုင်နှင့် သစ်များကို ကျေးရွာနေပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပ

**ကျွန်းလှ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်၊ ကလေးအလုပ်သမားများ၏ အဓိပ္ပာယ်၊ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်ပေးပိုင်ခွင့် စသည့် ကလေးအလုပ်သမားဆိုင်ရာဥပဒေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

## အရေပြားရောဂါဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဆွေးနွေး

**တပ်ကုန်း ဇူလိုင် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတွင် အရေပြားရောဂါဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဆွေးနွေးခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ လူထုဖွံ့ဖြိုးရေးစင်တာခန်းမတွင် ကျင်းပခဲ့သည်။

ထိုအသိပညာပေးဆွေးနွေးပွဲတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနခွဲမှ လက်ထောက်အနာကြီးရောဂါစောင့်ရှောက်သူ (JLW) ဦးချစ်ဦးနှင့် ကျေးလက်ကျန်းမာရေးမှူး ဦးစီးသည့် ကျန်းမာရေးဝန်ထမ်းများက အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၁၃၀ ဦး၊ စုစုပေါင်း ၁၇၀ ဦး တို့ကို အသိပညာပေးဆွေးနွေး ဟောပြောခဲ့ပြီးနောက် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*—*—*—*—*

## လူငယ်ရေးရာအသိပညာဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**ရပ်စောက် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ပင်ဖြစ်ကျေးရွာအုပ်စု၊ ထီးခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ထီးခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်နွဲ့နှောင်းက နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက မြို့နယ်အားကစားမှူး ဦးမြတ်သူက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းမွန်မွန်က ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရေးအတွက် စာဖတ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်အားကစားမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ထံမှ အားကစားပစ္စည်းများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ပလတ်စတစ်အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်နှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဇူလိုင် ၁၀**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ မဲဒီးကျေးရွာနှင့်ဇမ္ဗူသီရိ မြို့နယ်၊ အ.ထ.က-၁၄ သို့ သွားရောက်ငှားရမ်းပေးကြသည်။



စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါကျောင်းစုဝေးသဘင်တွင် ကျင်းပသည်။




အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောသလ္လာဝတီအောင်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြဆရာမများ၊ မူထက်ဆင့်ကျောင်းသား၊ ကျောင်းသူ ၄၅၀ ဦးတို့ တက်ရောက်ကြသည်။

ဟောပြောပွဲအခမ်းအနားတွင် အလယ်တန်းပြဆရာမ ဒေါ်ခင်ချိုက အာဇာနည်နေ့အကြောင်း ဟောပြောခဲ့သည်။ အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်-၃)**

ဝ-ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ စုံလင်

## မောင်မယ်ရင်သွေး ယဉ်ကျေးမယ်

* ကိုယ်နှုတ်မှုရာ ယဉ်ကျေးပါလို့
လိမ္မာစိတ်ထား ရှိစေရယ်
ငယ်စဉ်မှာလေ ပညာရှာလို့
ကျောင်းတော်ရိပ်မှာ ခိုကြမယ် ။

* တုပ်ကွရှိသွေ သိမ်မွေ့ပါတဲ့
ကလေးများရဲ့ မူယာသွယ်
ကြီးသူထံမှာ ဆည်းကပ်ပါလို့
မကွာကျင့်ဝတ် လိုက်နာမယ် ။

* စိတ်ထားမှုယာ နှလုံးလှလို့
ရှယ်ကုံးပန်ဆင် ရတနာသွယ်
သုံးပါးရှိပါ ဗုဒ္ဓ၊ ဓမ္မနဲ့
သံဃာအားကို ယုံကြည်မယ် ။

* ဘာသာစဉ်လာ သွေမညိုးဖို့
ကြိုးစားလိုက်နာ ထိန်းစို့ရယ်
ရောင်ဝါတံခိုး လွှန်ရှိန်တိုးလို့
တို့မျိုးမြန်ပြည် အေးချမ်းရယ်--အေးချမ်းရယ် ။ ။

**ရေချမ်း(မန်း)**

## မဟာအောင်မြေမြို့နယ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံးနှင့်ကဗျာအလွတ်ရေးပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာအလွတ်ရေးပြိုင်ပွဲများကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာအလွတ်ရေးပြိုင်ပွဲများအား အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်နှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး အလယ်တန်းအဆင့်၊ အထက်အဆင့် ကျောင်းသား၊ ကျောင်းသူများကို စာစီစာကုံးနှင့်ကဗျာအလွတ်ရေးပြိုင်ပွဲများ ဆက်လက်ကျင်းပပေးခဲ့ရာ ဆုရကျောင်းသား၊ ကျောင်းသူများအား (၁/၂၀၂၄)တစ်နှစ်တာ စုံညီပွဲတော်ကျင်းပရာတွင် ဆုရကတ်ပြားများအား ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၅၆)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့။

# မိုးရာသီတွင်ကလေးတွေမှာအဖြစ်များ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ



ကလေးများအနေဖြင့် မိုးရာသီတွင် တစ်ခြားသော ရောဂါများလည်း ဖြစ်ပေါ်လေ့ရှိသော်လည်း အထူးသဖြင့် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှစ်မျိုးမှာ အထူးဖြစ်ပွားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် ထူးခြားမှုအနေဖြင့် သွေးလွန်တုပ်ကွေးက လေးနှစ်တစ်ကြိမ်ခန့် လူနာများစွာဖြစ်တတ်သည်။ ရှေးယခင်က မိုးတွင်းမှာသာ သွေးလွန်တုပ်ကွေး ဖြစ်ကြသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ခြင်များ အဆမတန်ပွားများလာခြင်းကြောင့် တစ်နှစ်ပတ်လုံးလိုလို သွေးလွန်တုပ်ကွေး ဖြစ်ကြသည်။ မိုးဦးလေဦးရာသီတွင် ခြင်ပို၍ ပေါသဖြင့် သွေးလွန်တုပ်ကွေးရောဂါက မိုးရာသီကျောင်းဖွင့်စအချိန် ကျောင်းနေရွယ်ကလေးများတွင် ကူးစက်ဖျားနာအဖြစ်များကြသည်။

ဝမ်းပျက်ဝမ်းလျှောသည်လည်း ရှေးယခင်က ဆောင်းရာသီနှင့် နွေရာသီတို့တွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည်။ ဆောင်းရာသီတွင် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်ပြီး နွေရာသီတွင် ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပေါ်သည်။ ယခုနောက်ပိုင်းနှစ်များတွင် ကျောင်းနေရွယ်ကလေးများ အစားအသောက်မသန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးအားနည်းမှု၊ အိမ်နှင့်ကျောင်းပတ်ဝန်းကျင်တွင် ခြင်များ ခိုအောင်းမှုတို့ကြောင့် မိုးရာသီကာလ ကျောင်းဖွင့်ချိန်တွင် ဝမ်းပျက်ဝမ်းလျှော အဖြစ်များသည်။

သို့ပါ၍ ယခုလို မိုးရာသီရောက်တိုင်း ကလေးတွေမှာ အဖြစ်များတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါတို့ကို ကြိုတင်သတိထားကာကွယ်နိုင်ကြစေရန် အလို့ငှာ စာရေးသူမှအောက်ပါအတိုင်း ရေးသားအကြံပြုလိုပါသည်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံဟာ အေးဒီးစ်ခြင်ကျားများ ဖြစ်သည်။ ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရွာပြီးနောက် မိုးရေတင်ကျန်ခဲ့ပြီး နေထွက်လာသောအခါ ပိုးလောက်လန်းတွေ ပေါက်ပွားလာကာ၊ ၎င်းမှတစ်ဆင့် ခြင်ကျား (ခေါ်) ခြင်ပုန်းတွေ ဖြစ်လာသည်။ ခြင်ပုန်းတွေက ပေါက်ပွားမှုမြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။ နေ့ဘက်အချိန်တွေမှာ ခြင်ကိုက်လေ့ရှိသည်။ ယင်းခြင်များက မိုးဦးစကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသော သွေးများကို သယ်ဆောင်၍ သွေးစုပ်ခံခြင်းဖြင့် လူထုအကြား သွေးလွန်တုပ်ကွေးရောဂါ အစပျိုးဖြစ်ပေါ်လာရသည်။

ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများကို အဆင့်အလိုက် သိထားဖို့ လိုအပ်ပါသည်။

* သွေးလွန်တုပ်ကွေးအဆင့်(၁)တွင် အဖျားကြီးခြင်း၊ အန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသည်းအနည်းငယ်ကြီးခြင်း(ညာဘက်နံရိုးအောက် ဝမ်းဗိုက်အပေါ်ဘက်တွင် နာခြင်း)၊ သွေးပေါင်ချိန်တိုင်း ကိရိယာဖြင့် လက်ကို စမ်းသပ်လျှင် အနီစက်များ ထွက်လာခြင်း (Hess Test)

* သွေးလွန်တုပ်ကွေးအဆင့်(၂)တွင် အထက်ဖော်ပြပါ သွေးလွန်တုပ်ကွေးအဆင့်(၁)မှ လက္ခဏာများအပြင် အန်သည့် အခါမှာလည်း သွေးညိုညိုအစများ ပါရှိခြင်း။

* သွေးလွန်တုပ်ကွေးအဆင့်(၃)တွင် အထက်ဖော်ပြပါ သွေးလွန်တုပ်ကွေးအဆင့်(၁)နှင့် (၂) မှ လက္ခဏာများအပြင် မှိန်း၍ ခြေဖျား၊ လက်ဖျားများ အေးလာခြင်း၊ သွေးပေါင်ချိန်ကြည့်သည့်အခါ အပေါ်သွေး (Systolic Pressure) နှင့် အောက်သွေး (Diastolic Pressure) ကြား သဘာဝနှင့် လွန်စွာဆန့်ကျင်၍ ကွာဟချက်ရှိခြင်း။

* သွေးလွန်တုပ်ကွေးအဆင့်(၄)သည် "သွေးလန့်ခြင်း" အခြေအနေ ဖြစ်သည်။ မှိန်းနေရာမှ ဂနာမငြိမ်ဖြစ်လာခြင်း၊ တစ်ကိုယ်လုံး အေးစက်လာခြင်း၊ ပြာလာခြင်း၊ သွေးပေါင်ချိန် တိုင်းတာ၍မရခြင်း၊ သွေးခုန်နှုန်းစမ်း၍ မရခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ဖြစ်သည်။

သို့ပါသောကြောင့် မိဘက်က လက်ဦးမှုရယူနိုင်မှသာ အသက်အန္တရာယ် ကင်းနိုင်မည်ဖြစ်၍ စတင် ဖျားနာကတည်းက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အဆောတလျင် သွားရောက် ပြသသင့်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေပါက အစာမဖြတ်သင့်ဘဲ အစားအသောက်များ စားရပါမည်။ စွပ်ပြုတ်ရည်၊ ဓာတ်ဆားရည် စသည့်အားရှိစေမည့် အစားအသောက်များကို ဝင်အောင်ကျွေးမွေးရပါမည်။ အစာပျော့ပျော့ ကျွေးရပါမည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက် စသော အညိုရောင်ပါသည့် အစားအသောက်များကို ရှောင်ကြဉ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လာပါက ကော်ဖီရောင် အန်တက်ခြင်းကြောင့် ဖြစ်ပါသည်။

ရောဂါဖြစ်လာမှကုသခြင်းထက် မဖြစ်အောင်ကြိုတင်ကာကွယ်ထားတတ်ဖို့ လိုအပ်သည်။ ထို့ကြောင့် "ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်တယ် (Precaution is better than Cure)" ဟု ဆိုရိုးစကားရှိသည်။ အရေးကြီးဆုံးမှာ ခြင်ကိုက်မခံရအောင် အထူးသတိထားဖို့လိုပါသည်။ အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်းခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ်အားကိုယ်ကိုး ဖုံးသွန်လဲစစ် ပြုလုပ်ခြင်း၊ ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း စသည်တို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ(မိလ္လာ)သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့် (၅) သန့်နှင့်အညီ မိမိတို့အသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စုအသီးသီးက တာဝန်ယူတတ်ကြဖို့ လိုသည်။ ထိုသို့ ပြုမူနေထိုင်ခြင်းဖြင့် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် မြန်မာတစ်ပြည်လုံး အတိုင်းအတာထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည် ဖြစ်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

မိုးရာသီရောက်တိုင်း နှစ်စဉ်ကူးစက်ပြန့်ပွားနေကျ ရောဂါဆိုးတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက် နှင့် လမ်းများပေါ်က ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံလာတတ်သည်။ ထို့နောက် ရေပြန်ကျသွားသောအခါ အညစ်အကြေးအနယ်အနှစ်တွေ တင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae (ခေါ်) ဝမ်းရောဂါကူးစက်ရောဂါပိုးမွှား ပေါက်ပွားမှု များပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လာရသည်။ ထို့ပြင် မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကလည်း ရောဂါပိုးကူးစက်ခံရဖို့ သေချာသလောက်ရှိနေပါသည်။

မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြု ရှောင်ရှားဖို့ လိုအပ်ပါသည်။ သို့မဟုတ်ပါက နောက်ဆက်တွဲ ပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ကိုပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေရွယ် ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ် နီးသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ဝမ်းရောဂါဖြစ်ပွားသူ သုံးသန်းမှငါးသန်းအထိ ရှိပြီး ၎င်းတို့အနက် တစ်သိန်းကျော်သည် ဝမ်းရောဂါကြောင့်သေဆုံးကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ထုတ်ပြန်ကြေညာထားသည်။ နာရီပိုင်းအတွင်းမှာပင် ဆန်ဆေးရည်အရောင်ကဲ့သို့ ဝမ်းများ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့တည်းမှာပင် ဝမ်းအရည် သုံးကြိမ်နှင့်အထက် ဝမ်းသက်ခြင်း၊ ဝမ်း(မစင်)ထဲတွင် သွေးပါခြင်း၊ အစားစားချင်စိတ်မရှိခြင်း၊ မှိန်း၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာ မသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအငမ်းမရ သောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း ပြန်အန်ထွက်ခြင်းစသည့် ရောဂါလက္ခဏာများ ပြနေပြီဆိုပါက ဓာတ်ဆားရည်များများသောက်၍ နီးစပ်ရာ ဆေးရုံဆေးခန်းသို့ အချိန်မဆိုင်းဘဲ ပြသင့်သည်။

အခြားသူများသို့ ဆက်လက်၍ မကူးစက်နိုင်အောင် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်း(အိမ်သာ)ကို ရေနိုင်နိုင်လောင်းချရပါမည်။ ဝမ်းပျက်ဝမ်းလျှောခြင်းကို ထိရောက်စွာ ကုသမှုမခံယူဖြစ်ပါက ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်၍ မပေါ့ဆသင့်ပေ။

ဝမ်းလျှောခြင်းမှာ (က) ကာလတိုဝမ်းလျှောခြင်းနှင့် (ခ)ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာလတိုဝမ်းလျှောခြင်းက နှစ်ရက်ခန့်အကြာမှာ ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိပေ။ ကာလရှည်ဝမ်းသွားခြင်းတွင် ဝမ်းလျှောသည့်အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှု ခံယူသင့်သည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ထိုးကျသွားပြီး သတိလစ်ခြင်းအတွက်ပါ စိုးရိမ်ရသည်။ ကာလတို ဝမ်းလျှောသည်ဖြစ်စေ၊ ကာလရှည် ဝမ်းလျှောသည်ဖြစ်စေ ဝမ်းသွားခြင်း ရပ်တန့်သွားသော်လည်း နောက်ဆယ်ရက်ခန့် ကြာသည်ထိ နို့ထွက်ပစ္စည်းများဖြစ်ကြသော ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်း၊ ကော်ဖီတို့ကို မစားသောက်သင့်ပေ။

အမျှင်ဓာတ်များသော အစားအစာများက အစာအိမ်နှင့် အူကို အလုပ်ရှုပ်စေနိုင်၍ ဝမ်းလျှောပြီးနောက် သုံးရက် လေးရက်ခန့်ကြာသည်အထိ မစားသင့်ပေ (ကွေကာအုပ်ကလည်း အမျှင်ဓာတ်များသော အစားအစာထဲမှာပါနေ၍ ရှောင်ပါ) ဝမ်းပျက် ဝမ်းလျှောရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်ပါသည်။ ရောဂါဖြစ်စေတတ်သော ပိုးမွှားများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိမိတို့၏ လက်မှတစ်ဆင့် ကူးစက်ခြင်း ဖြစ်သည်။ စနစ်တကျ လက်ဆေးခြင်းဖြင့် လူအချင်းချင်း ကူးစက်မှုများ၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို သိသာစွာ လျှော့ချနိုင်ပါမည်။ မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြု ရှောင်ရှားရပါမည်။ သို့မဟုတ်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ကိုပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ် စိုးရိမ်ရသည်။

ကြိုတင်ကာကွယ်သည့်အနေဖြင့် အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာ ဖြင့် စက္ကန့် ၂၀ ကြာ စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ကလေးငယ်များ၏ မစင်ကို ယင်မနားအောင် စနစ်တကျ စွန့်ပစ်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကို ကျိုချက်၍သော်လည်းကောင်း၊ ကျန်းမာရေးဌာန၏ ညွှန်ကြားချက် အတိုင်း ကလိုရင်းဆေးခပ်၍သော်လည်းကောင်း အသုံးပြုပါ။ အစားအစာများကို ကျက်အောင် ချက်ပြုတ်ပြီးမှ ပူပူနွေးနွေးစားသုံးပါ။ အစားအစာများကို ယင်မနားအောင် စနစ်တကျ ဖုံးအုပ်ထားပါ။

သို့ပါ၍ ယခုနှစ် မိုးရာသီအတွက် သာမကနောင်နှစ်များတွင်လည်း သင့်ကလေး သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အန္တရာယ်များမှ ကြိုတင်ကာကွယ်ထားသင့်ပါကြောင်း သတိပေးစကားပါးလိုက်ရပါသည်။

**တင်ထက်ထက်ဇော်**



## ဆုရကစားသမားများအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖျဖျကြိုဆို

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီးဝန်ကြီး ချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈)နှစ်အောက် ပြေးခုန်ပစ် ကျား၊ မ ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ် အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်အနေဖြင့် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား ရွှေ ၂ ခု၊ အမျိုးသမီး ရွှေ ၂ ခု၊ အမျိုးသမီး ငွေ ၂ ခု ၊ အမျိုးသမီး ကြေး၁ခု ရမှတ် ၄၀ဖြင့် ဒုတိယ ဆုကို ရရှိခဲ့သည်။

အဆိုပါ ဆုရကစားသမားများ ကြိုဆိုပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၃နာရီက အထက (ဆင်ပေါင်ဝဲ)ကျောင်းရှေ့တွင် ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရေပေါ်ကျွန်းကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှု

**သရက် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၃ရက် နံနက် ၈ နာရီခွဲက ရေပေါ်ကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ရေဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာနေပြည်သူများ အနေဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများကို စီစဉ်ထားကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများမှလည်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါကြောင်းနှင့် ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြပေးကြရန် ပြောကြားပြီး ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာဌာနများက ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရေပေါ်ကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ လှည့်လည်ကြည့်ရှု၍ အလှူငွေများ လှူဒါန်းခဲ့သည်။ ဆက်လက်၍ ရေပေါ်ကျွန်းကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှုခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သရက်မြို့ပေါ်ရှိ တောင်မင်းတည်းရပ်ကွက်ရှိ မြေနိမ့်ပိုင်းတို့ကို ကွင်းဆင်းကြည့်ရှုပြီး ရေကြီးရေလျှံဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ကျောင်းဈေးဆိုင်တန်းများ စစ်ဆေး

**မန္တလေး ဇူလိုင် ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့်အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဇူလိုင် ၈ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါသိပ္ပံကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့်ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးမှ အားကစားနှင့်ကာယပညာဌာနခွဲမှ B.Sc (Sport) တွင် တာဝန် ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းခင်စန်းမြင့်သည် အငြိမ်းစားပင်စင် စတင်ခံစားမည်ဖြစ်၍ ကျောင်းအုပ်ကြီးနှင့်အရာထမ်း၊ အမှုထမ်းများမှ ဂုဏ်ပြုငွေကျပ် ၃သိန်းပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ အားကစားဆေးဘက်ဌာနစိတ်မှ တာဝန်ခံဆရာဝန်တို့သည် သင်တန်းသား၊ သင်တန်းသူများ ယင်နားစာများ စားသုံးရာမှ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး၊ကျန်းမာရေးနှင့်ညီညွတ်သော မုန့်များ ရောင်းချစေရေးအတွက် ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။(ဝ၄၅)



## (၇၇)နှစ်မြောက် မြို့နယ်အဆင့် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲကျင်းပ

**မြစ်သား ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၊ မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် ၂၀၂၄ခုနှစ် (၇၇)နှစ်မြောက် မြို့နယ်အဆင့်အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ယနေ့ ၁၀ရက် နံနက်ပိုင်းက အဆိုပါကျောင်း ဗန္ဓုလအဆောင်၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူးဒေါ်ပြုံးကြည်၊ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ကျောင်းအုပ် ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်၍ မြစ်သားမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများရှိ ကျောင်းသား၊ကျောင်းသူ ၈၀ဦးတို့က အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့်ဆောင်းပါးပြိုင်ပွဲများကိုလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို လည်းကောင်း မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး စာစီစာကုံးပြိုင်ပွဲတွင်"အာဇာနည်နေ့ တို့မမေ့" ခေါင်းစဉ်၊ ကဗျာပြိုင်ပွဲတွင် "၁၉ ဇူလိုင်မမေ့နိုင်"ခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲတွင်"အာဇာနည်နေ့နှင့်အမျိုးသားရေးတာဝန်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများကို ၂၀၂၄ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ အသီးသီး ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

စာစီစာကုံး၊ ကဗျာ ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရာသို့ မြို့နယ်ပညာရေးမှူး ဒုတိယ မြို့နယ်ပညာရေးမှူးဦးကျော်ဟန်၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ ၊ ပြိုင်ပွဲဝင် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

## မိုးနှမ်းလျာထားဧက ၄၂၈၇ဧကအနက် ၄၆၄ဧက စိုက်ပျိုးပြီးစီး

**နေပြည်တော် ဇူလိုင် ၁၀**

ပုဗ္ဗသီရိမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးနှမ်းလျာထားဧက ၄၂၈၇ဧက အနက်တွင် ၄၆၄ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ယခင်နှစ် မိုးရာသီ မိုးနှမ်း ၄၂၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၁ ဒသမ ၂၂တင်းနှုန်း ထွက်ရှိကြောင်း ယခုနှစ် မိုးနှမ်း၄၆၄ဧက လျာထားစိုက်ပျိုးပြီး တောင်သူများအနေဖြင့် မေလဆန်းတွင် စတင်စိုက်ပျိုးကြရာ ဇူလိုင်ထိ ၄၆၄ဧက စိုက်ပျိုးနိုင်ကြောင်း သိရပြီး နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရိတ်သိမ်းချိန်အထိ အပင်ပြုစုမှုနည်းစနစ်များကို လက်တွေ့အသိပညာပေးလုပ်ငန်းများနှင့် ပေါင်းစပ်၍ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာဖြင့် ပိုးမွှားများ ကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေး ပြုလုပ်သုံးစွဲရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကာ အသိပညာပေးလျက်ရှိရာ ပုဗ္ဗသီရိမြို့နယ်တွင် နှမ်း၊ မိုး၊ ဆောင်းရာသီအလိုက် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေး ဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ဖိတ်ကြားချက်အရ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၀

အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များ ဦးဆောင် ပါဝင်သော အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင် နှစ်ကြိမ် အလှည့်ကျကျင်းပပြုလုပ်လျက်ရှိသည်။

အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး (၄၅)ကြိမ် မြောက် အာဆီယံ + တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၃၂) ကြိမ်မြောက် အာဆီယံ + အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတို့ကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Video Conferencing စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အဆိုပါ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။



အဆိုပါအစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေးနှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများ၏ ပံ့ပိုးကူညီမှု၊ အပြန်အလှန်ပူးပေါင်းဖလှယ်မှုနှင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများတွင် ဆောင်ရွက်ခဲ့မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း လာရောက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲတိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးနိုင်ငံများအနေဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လအထိ နိုင်ငံတကာခရီးသွားဧည့်သည် သုည ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်း တိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးဖြစ်ပါကြောင်း။

အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ နှင့်ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုမှုဘောင်များအရ အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းနှင့် ပူးပေါင်းဈေးကွက်မြှင့်တင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ၂၀၂၅ အလွန် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာရေးဆွဲရေးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဦးဆောင်ရေးဆွဲဆောင်ရွက်နေခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်းတိုးတက်မှုများကို မြှင့်တင်ရာတွင် ကူညီထည့်ဝင် ပံ့ပိုးပေးခဲ့သည့် အတွေ့အကြုံကောင်းများနှင့် ကျွမ်းကျင်မှုများအတွက် ပါဝင်သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခု အစည်းအဝေးများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ခရီးသွားလုပ်ငန်းများအဖြစ် ပုံဖော်ပေးနိုင်မည့် အသွင်ကူးပြောင်းရေးဆိုင်ရာ ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်က အကြိမ်(၆၀) မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့အစည်းအဝေးဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် (၄၅) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ပူးတွဲအစည်းအဝေးဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ (၃၂)ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပူးတွဲအစည်းအဝေး ဥက္ကဋ္ဌများအဖြစ် လည်းကောင်း ဆောင်ရွက်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစည်းအဝေးများသို့ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံ-တရုတ်စင်တာ၊ အာဆီယံ-ဂျပန်စင်တာနှင့် အာဆီယံ-ကိုရီးယားစင်တာတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အင်္ဂလန်တို့ နယ်သာလန်ကို နောက်ကျသွင်းဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဒေါ့မွန်မြို့၊ ဒေါ့မွန်ဘောလုံးကွင်းတွင် နယ်သာလန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက နယ်သာလန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



အင်္ဂလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၈မိနစ်တွင် ဟယ်ရီကိန်း၊ နာကျင်အချိန်ပို (၉၀+၁)မိနစ်တွင် ဝက်စ်ကင်းတို့က သွင်းယူပေးခဲ့သည်။ နယ်သာလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇မိနစ်တွင် ဇာဗီဆိုင်မွန်က သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၅ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်အချိန်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

နိုင်ကမ္ဘာ